# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၅ ရက် | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၃၂)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ

## ပြည်နယ်ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးကိစ္စရပ်များ မှာကြား




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**တောင်ကြီး ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် တောင်ကြီး ဟိုတယ်၌တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

**"ရှမ်းပြည်နယ်အတွင်း ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးကို အထူးအလေးထားပြီး စီစဉ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်၊ အစားထိုးစိုက်ပျိုးသည့် သီးနှံအတွက် နည်းပညာ၊ ဈေးကွက်၊ ရိတ်သိမ်းချိန်လွန်သိုလှောင်မှု၊ သယ်ယူပို့ဆောင်ရေး စသည်တို့ကိုပါ စနစ်တကျစီစဉ်ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မည်ဖြစ်"**

ထွန်းဖောင်ဒေးရှင်း စာပေဆုများ ထုတ်ပြန်ကြေညာ စာ » ၅
ပြည်ထောင်စု၏နှလုံးသား ငြိမ်းချမ်းရေးနှင့် စုပေါင်းအား စာ » ၆
ဗင်နီဇွဲလားအနာဂတ်ကို ပြည်သူများဆုံးဖြတ်ရန် ဥရောပသမဂ္ဂနှင့် လက်တင်အမေရိကနိုင်ငံများ တိုက်တွန်း စာ » ၁၄

C B BANK
ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ
Best Trade Finance Bank
2018 (Asset Triple A) (The Asian Banker)
Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

မြန်မာ့အလင်း

# လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက အထူးအရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပါသည်။ လယ်ယာသီးနှံများ အထွက်နှုန်းတိုးတက်ရေးနှင့် တည်ငြိမ်ရေး အရေးကြီးပါသည်။ အထွက်နှုန်းလည်းကောင်း၊ အရည်အသွေးလည်းကောင်းမွန်မှသာ နိုင်ငံတကာဈေးကွက်တွင် တွင်ကျယ်နိုင်ပြီး တောင်သူလယ်သမားတို့ဘဝများလည်း ပြေလည်ပါမည်။

သီးနှံအထွက်တိုးရေး ဆိုရာ၌ မြေ၊ ရေ၊ မျိုးတို့က အဓိကလိုအပ်သည်ဖြစ်သော်လည်း ထွက်နှုန်းကို အဟန့်အတားဖြစ်စေမည့် အနှောင့်အယှက်များလည်း ရှိနေပါသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးများရှိသလို ပိုးမွှားနှင့် ရောဂါများကြောင့်လည်း ဆိုးဆိုးရွားရွား ထိခိုက်နိုင်ပါသည်။

ပိုးမွှားနှင့် ရောဂါသည် လယ်သမားတို့နှစ်စဉ် ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာကြီးတစ်ခုဖြစ်ပါသည်။ လယ်ယာသီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်သီးနှံများ၊ နှစ်ရှည်သီးနှံများစသည့် မည်သို့သော စိုက်ပျိုးရေးသီးနှံကိုမဆို ဖျက်ဆီးနိုင်သည့်အားလျော်စွာ အထူးဂရုပြု နှိမ်နင်းရလေ့ရှိပါသည်။

စပါးတွင် ဆစ်ပိုး၊ ဖြုတ် စသည့် ပိုးမွှားများ၊ စပါးဂုတ်ကျိုး၊ ရွက်ညိုပြောက်၊ ဘက်တီးရီးယားရွက်ခြောက် စသည့်ရောဂါများကြောင့် ထွက်နှုန်းကျခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့နိုင်သလို အခြားသီးနှံများတွင်လည်း ပိုးအမျိုးမျိုး၊ မှိုရောဂါအမျိုးမျိုး၏ရန်ကြောင့် ပျက်စီးမှုများရှိပါသည်။ ယခုနှစ်ဆန်းပိုင်းတွင် စတင်ခဲ့သည့် နိုင်ငံတစ်ဝန်းရှိ ပြောင်းစိုက်ခင်းများတွင် ကျရောက်သော ငမြှောင်တောင်ပိုး မျိုးစိတ်အသစ်တစ်မျိုးကြောင့် ပျက်စီးမှုများ ကြုံတွေ့နေရသည်။ အစိုးရတာဝန်ရှိသူများက အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီအချို့၏ ကူညီမှုဖြင့် ဆေးနှင့်နည်းပညာများ ဖြန့်ဝေရင်း ကာကွယ်နှိမ်နင်းမှုများ ပြုလုပ်နေကြရသည်။

ပိုးမွှားရောဂါကျလျှင် မလွဲမသွေ ကာကွယ်နှိမ်နင်းရမည်သာ ဖြစ်၏။ ထိုသို့နှိမ်နင်းရာတွင်လည်း သဘာဝနည်းလမ်းနှင့် ဆေးများသုံးကြသလို ဓာတုဆေးဝါးများ သုံးစွဲရသည်လည်းရှိရာ မည်သည့် နည်းလမ်းကိုသုံးသည်ဖြစ်စေ စနစ်တကျဖြစ်ရန်လိုပါမည်။ ဆေးများဖော်စပ်ရာတွင် အချိုးအစားမှန်ကန်မှု၊ သုံးစွဲသည့်နှုန်းထား မှန်ကန်မှုရှိမှသာ ထိရောက်မည်ဖြစ်ပါသည်။

ဓာတုဆေးများဆိုလျှင်ကား သည့်ထက်ပို၍ ဂရုပြုရန် လိုအပ်ပါသည်။ ဓာတုအဆိပ်များ၏ အန္တရာယ်က အလွန်ကြီးမားသည်ဖြစ်၍ အထူးသတိထားရပါမည်။ သိုလှောင်သိမ်းဆည်းရာတွင် ဖြစ်စေ၊ ကိုင်တွယ်အသုံးပြုရာတွင်ဖြစ်စေ အညွှန်းကို နားလည်အောင်ဖတ်ပြီး လိုက်နာရန်လိုအပ်ပါသည်။ ကလေးငယ်များ၊ အိမ်မွေးတိရစ္ဆာန်များနှင့် လက်လှမ်းမမီအောင် ထားသည်မှအစ၊ သုံးပြီး အခွံများကို မြစ်ထဲချောင်းထဲ၊ မြစ်နားချောင်းနား တော်သလို မဟုတ်ဘဲ သေချာစွာ ဘေးကင်းအောင် မြေမြှုပ်လွှင့်ပစ်ပြုခြင်း မီးရှို့ဖျက်ဆီးခြင်းအထိ ဂရုတစိုက် ပြုကြရန်လိုပါမည်။ အကာအကွယ်ဝတ်စုံများ လက်အိတ်များကိုလည်း လိုအပ်သလို ဝတ်ဆင်ကာ အသုံးပြုကြရပါမည်။

ထို့ပြင် ဆေးညွှန်းအတိုင်း တိတိကျကျ လိုက်နာခြင်တွယ် အသုံးပြုကြရန်လည်း အရေးကြီးပါသည်။ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည်တို့ကို လွဲမှားအသုံးပြုခြင်းဖြင့် စိုက်ခင်းများပျက်စီးသည့် သာဓကများ များစွာရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး ဆေးကုမ္ပဏီများမှ ဝန်ထမ်းများထံ အကြံတောင်းကာ အသုံးပြုသင့်ပါသည်။ ဆေးတင်သွင်း ဖြန့်ချိနေကြသူများကလည်း ဆေးဘူး ဆေးထုပ်ပါ အညွှန်းစာများကို လယ်သမားများ နားလည်အောင် ရေးသားဖော်ပြပေးရန်လိုပါသည်။ အရည်အသွေးနှင့် စံသတ်မှတ်ချက်များအတိုင်းလည်း ပြည့်ဝရန်နှင့် အရည်အသွေးမပြည့်ဝမှုကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုများအတွက် တာဝန်ယူကြဖို့ လိုပါမည်။

အစိုးရ တာဝန်ရှိသူများက ထိုသတ်မှတ်ချက်များအတိုင်း ဖြစ်ရေးနှင့် တရားမဝင်ဆေးဝါးများကို တားဆီးနိုင်ရန် ထိထိရောက်ရောက် စစ်ဆေးအရေးယူကြရန်လည်း လိုအပ်ပါမည်။

ထိုသို့ ဘက်စုံ ထောင့်စုံ တာဝန်ယူဆောင်ရွက်နိုင်ကြမှ လယ်သမားတို့၏ဘဝများ ချောင်လည်ရေးနှင့် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ လှမ်းနိုင်မည်ဟု ထင်မြင်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




### မှူခင်းအသိပညာပေးဟောပြော

**ပျော်ဘွယ် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီပထမပတ်က ဘတ္တာကျေးရွာသို့ ရောက်ရှိလာပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မှူခင်းအသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန် ရှောင်ရန်များ၊ လူကုန်ကူးမှု ဖြစ်ပေါ်လာနိုင်သော အကြောင်းအရင်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် ဆောင်ရန် ရှောင်ရန်များကို ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

### အာဆီယံတိုင်းရင်းဆေးနှင့် ဖြည့်စွက်အစာဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီး၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဆေးဝါးစက်ရုံ (အင်းစိန်) နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့က သက်ဆိုင်ရာပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ဒုတိယအကြိမ် အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်အစာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်သင်တန်းကို ယမန်နေ့က တိုင်းရင်းဆေးပညာဦးစီးဌာန အမျိုးသားပရဆေးဥယျာဉ် (နေပြည်တော်) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခု၊ ပုဂ္ဂလိက တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ၄၃ မှ လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ရန်ကုန်နှင့် မန္တလေး) နှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **မြန်မာ့အလင်း**

## မဲဆန္ဒရှင်များ သိမှတ်ဖွယ်ရာများကို ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၈**

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဝင်များ၏ မဲဆန္ဒရှင်များ သိမှတ်ဖွယ်အကြောင်းအရာများ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ခရိုင်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲတွင် ပြုလုပ်သည်။

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ "မဲဆန္ဒရှင်များအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာတွေကို သိမှတ်ဖို့လိုအပ်ပါတယ်။ အဲဒီအတွက် မဲဆန္ဒရှင်တွေ သိမှတ်ဖွယ်အကြောင်းအရာတွေကို ကော်မရှင်အဖွဲ့ခွဲဝင်တွေ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်တာပါ။ အဖွဲ့ဝင်တွေက ကျွမ်းကျင်စွာလေ့လာသိရှိထားမှ မဲဆန္ဒရှင်တွေကို စည်းရုံးတဲ့အခါ သေချာစနစ်တကျရှင်းပြနိုင်မှာဖြစ်ပါတယ်" ဟု ခရိုင်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဝင်းက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို ပြီးခဲ့သည့် နှစ်လကျော်ကာလမှစတင်ကာ အပတ်စဉ်ပြုလုပ်ခဲ့၍ ရွေးကောက်ပွဲ ကျင်းပရေး ပြည်သူများထံ စည်းရုံးသည့်ကာလအထိ ဆွေးနွေးပွဲကို အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အတူ ဆွေးနွေးပွဲများကို ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များတွင်လည်း မြို့နယ်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲများ၌ ပြုလုပ်ကြကြောင်း သိရသည်။

**စိန်ကျော်**

## ဂျပန်ရိုးရာအကအဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း သံတမန်အဖြစ် ခန့်အပ်မည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၈**

နိုင်ငံတကာသို့ လှည့်လည်ကပြဖျော်ဖြေနေသည့် ဂျပန်နိုင်ငံမှ ဂျပန်ရိုးရာအက (Manjushaka) အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းသံတမန်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ သိရသည်။

ဂျပန်နိုင်ငံမှ ဂျပန်ရိုးရာအကအဖွဲ့အား တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း သံတမန်အဖြစ်ခန့်အပ်သွားရန်နှင့် တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်ရိုးရာအကအဖွဲ့၏ ရိုးရာအကအလှဖျော်ဖြေပွဲကို စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့တွင် ကျင်းပပြုလုပ်သွားရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ ၅ ရက်က တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တာဝန်ရှိသူများသည် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

"ဂျပန်ရိုးရာအက (Manjushaka) အဖွဲ့က နိုင်ငံတကာ လှည့်လည်ကပြဖျော်ဖြေနေတာ။ အဲဒါကြောင့် သူတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် သံတမန်ခန့်အပ်မယ်။ သူတို့ကနေ မြန်မာနိုင်ငံကို ခရီးသွားဖို့၊ တိုင်းဒေသကြီးကို ခရီးသွားဖို့၊ နိုင်ငံတကာ ကပြဖျော်ဖြေပွဲတွေမှာလည်း ကြော်ငြာပေးသွားမှာပါ" ဟု တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသန်းဋ္ဌေးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီနှင့် ဂျပန်ရိုးရာအကအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ညတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညတွင် မုံရွာမြို့မြို့တော်ခန်းမတွင်လည်းကောင်း၊ အများပြည်သူများအား ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ သိရသည်။

**ကိုမင်း (အင်းတော်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဟဲဟိုးလေဆိပ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြစဉ်။ သတင်းစဉ်

✪ ရှေ့ဖုံးမှ

### လမ်းညွှန်မှာကြား

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှမ်းပြည်နယ်ခရီးစဉ်အတွင်း မြင်တွေ့ခဲ့ရသည့် အခြေအနေများ၊ ပြည်သူများ၏ တင်ပြချက်များ၊ ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လမ်းညွှန်မှာကြားရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တောင်ကြီးခရီးစဉ်အတွင်း မြင်တွေ့ခဲ့ရသည့် အခြေအနေများအရ ပြည်သူများအနေဖြင့် သောက်သုံးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကို အများဆုံးတောင်းဆိုလေ့ရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ရှမ်းပြည်နယ်ခရီးစဉ်တွင် တစ်ခုပိုမို၍ သတိပြုမိသည်မှာ လယ်ယာမြေကိစ္စရပ်များ ဖြစ်ပါကြောင်း၊ ဤကိစ္စရပ်များသည် ပြည်သူလူထုအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများဖြစ်နေသည်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ လယ်ယာမြေ ကိစ္စများတွင် စွန့်လွှတ်ပြီး မြေများ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရေး ခက်ခဲကြန့်ကြာနေရသည့်အပြင် တရားရုံးတွင် အမှုရင်ဆိုင်နေရသည့် အခြေအနေများ တွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေများကို အထူးအလေးထား ဖြေရှင်းဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း။

### သဘာဝအလှအပများ အားနည်းသွား

ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့တွင် ရပ်ပိုင်းဆိုင်ရာအရ တိုးတက်လာသည် မှန်သော်လည်း စိတ်ပိုင်းဆိုင်ရာအရ လိုအပ်ချက်များဖြစ်သည့် စိမ်းလန်းစိုပြည်မှုနှင့် သဘာဝအလှအပများ အားနည်းသွားသည်ကို တွေ့ရှိရသဖြင့် Master Plan တစ်ခု ရေးဆွဲကာ စနစ်တကျ ရေရှည်ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ်အတွင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကို အထူးအလေးထားပြီး စီစဉ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အစားထိုးစိုက်ပျိုးသည့် သီးနှံအတွက် နည်းပညာ၊ ဈေးကွက်၊ ရိတ်သိမ်းချိန်လွန်သိုလှောင်မှု၊ သယ်ယူပို့ဆောင်ရေး စသည်တို့ကိုပါ စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သတိပေးလိုသည်မှာ ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုက ချမှတ်ထားသည့် မူဝါဒများအပေါ် သိရှိမှု အားနည်းနေသည်များ မဖြစ်စေရန် သတိပြုကြရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံပြီး အစိုးရ၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပေးကြရန် အရေးကြီးပါကြောင်း၊ ထူးခြားချက်တစ်ခုမှာ ရှမ်းပြည်နယ်တွင် ဘာသာမခြား၊ လူမျိုးမခြားဘဲ ရင်းနှီးချစ်ကြည်စွာ ပူးတွဲနေထိုင်လုပ်ကိုင်နေကြသည်မှာ ကျေနပ်အားရဖွယ်ကောင်းပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီး ညီညွတ်မှုကို တောင်ကြီးမြို့မှ ရှမ်းပြည်နယ်တစ်ခုလုံး၊ ရှမ်းပြည်နယ်မှ ပြည်ထောင်စုတစ်ခုလုံးသို့ ပျံ့နှံ့ရောက်ရှိအောင် ကြိုးပမ်းပေးကြစေလိုပါကြောင်း မှာကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးဥက္ကဋ္ဌများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ဒေသခံတိုင်းရင်းသားများက တောင်ကြီး-ဟဲဟိုး လမ်းတစ်လျှောက် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဟဲဟိုးလေဆိပ်သို့ ရောက်ကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံတိုင်းရင်းသားများ၊ ရှမ်းရိုးရာ ကိန္နရီ ကိန္နရာ အကအဖွဲ့များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**

# e-ID စနစ် စတင်အကောင်အထည်ဖော်နိုင်ရန် ပညာရှင်များပါဝင်သည့် အကြံပေးဝန်ဆောင်မှုအဖွဲ့ကို ဌားရမ်းဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

**မြန်မာနိုင်ငံ၏ e-Government စနစ်အား ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရေးအတွက် e-Government ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်များအပေါ် e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ်လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ e-ID စနစ်လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံ၏ e-Government စနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂) ချက်ပါ Data ID Card System ထူထောင်နိုင်ရန်အတွက် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ e-ID စနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်တွင်ပါရှိသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းမည့် ဆပ်ကော်မတီ ခြောက်ခုကိုလည်း e-Government ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အဆင့်ဆင့်တို့တွင် e-ID လုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးဆောင်ကြီးကြပ်မှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန် e-Government ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ကို ရရှိပြီးဖြစ်ကြောင်း။

e-ID လုပ်ငန်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ အစီအစဉ်၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီ၊ အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု (PPP) စနစ်တို့ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးအကြံပြုရန် လိုအပ်ကြောင်း၊ e-ID စနစ်ကို စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အကြံပေးဝန်ဆောင်မှုအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဌားရမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ပြင် e-ID လုပ်ငန်းစနစ်ဖော်ဆောင်ရေးအတွက် အမှန်တကယ် လိုအပ်ချက်များကို လေ့လာသိရှိရပါကြောင်း၊ ထို့ကြောင့် အစည်းအဝေး တက်ရောက်လာကြသူများ အနေဖြင့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ မူကြမ်းအပေါ်သုံးသပ်၍ e-ID စနစ်လုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းနှင့် အကြံဉာဏ်များအပေါ် e-Government ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် e-Government စနစ်အတွက် e-ID စနစ်သည် ပထမခြေလှမ်းအဖြစ် ဆောင်ရွက်နေမှု၊ နိုင်ငံတကာ၌ e-ID စနစ် ကျင့်သုံးဆောင်ရွက်မှုနှင့် ဥပဒေများ ပြဋ္ဌာန်းထားရှိမှု၊ မိမိနိုင်ငံအတွက် e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုရှင်းလင်းတင်ပြသည်။



e-ID စနစ်လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

ယင်းနောက် လုပ်ငန်းကော်မတီဝင်များက e-ID စနစ်လုပ်ငန်းအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ အကြံပေးဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ လုပ်ငန်းဆိုင်ရာ အသိပညာပေးနိုင်ရေးအတွက် မှန်ကန်သော အချက်အလက်များ ချပြရှင်းလင်းနိုင်ရေးများ၊ ပြည်သူတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်များဖြစ်သည့်အတွက် လုံခြုံစိတ်ချစွာ ထိန်းသိမ်းထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို ဥပဒေနှင့်အညီ ဖြစ်စေရေးနှင့် အကြံပေးဝန်ဆောင်မှုအဖွဲ့ ငှားရမ်းအသုံးပြု ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခင်ပထမအကြိမ် လွှတ်တော်သက်တမ်းကာလ ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို နိုင်ငံရေးပါတီအသီးသီးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များစုပေါင်းပြီး ၁၀၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို အလားတူ ပါဝင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရန်အဆို ဆုံးဖြတ်ချက်အရ ဆွေးနွေးနိုင်ရန် ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရာထူးအရ ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် စုစုပေါင်း ၄၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားပါကြောင်း၊ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်အရေအတွက် အချိုးကျဖြင့် ပူးပေါင်းပါဝင်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များတွင်လည်း ယခင် လွှတ်တော်သက်တမ်းက ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကော်မတီနှစ်ခုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကိုယ်စားလှယ်များလည်း ပါဝင်ပါကြောင်း၊ သို့အတွက် ယခုဖွဲ့စည်းမည့် ပူးပေါင်းကော်မတီကိုလည်း ယခင်ကရရှိခဲ့သည့် အတွေ့အကြုံ၊ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေတို့အပေါ် မူတည်ပြီး ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ပါတီစွဲမထားကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကောင်းမွန်သင့်တော်သော အကြံပြုချက်များရရှိစေရေး ဦးတည်ပြီး ဆွေးနွေးပေးကြဖို့ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုဖွဲ့စည်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် ယနေ့တက်ရောက်လာသည့် နိုင်ငံရေးပါတီအသီးသီးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှုပြီး ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲမထားဘဲ ဖြစ်သင့်ဖြစ်ထိုက်သည်များအတွက် ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းရေး လျာထားချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# လယ်ယာမြေကို ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များ လျော့နည်းပပျောက်အောင် ဆောင်ရွက်ရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေများကို ဥပဒေနှင့်အညီ အခြားနည်းသုံးစွဲခွင့် တင်ပြလျှောက်ထားခြင်းမရှိဘဲ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ချိုးဖောက်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်းဖြင့် လယ်ယာမြေကို ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်း ကိစ္စရပ်များ လျော့နည်းပပျောက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**အသေးစိတ်ဆွေးနွေးဆုံးဖြတ်**

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းကဏ္ဍများကို ရှင်းလင်းတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ် ဆွေးနွေးဆုံးဖြတ်ကြသည်။

**ဒဏ်ကြေးချမှတ်ရေး ဆွေးနွေး**

ယနေ့ကျင်းပပြုလုပ်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးချေရန် ကိစ္စရပ်များ၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိပြီးနောက် ခြောက်လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုသဖြင့် ခွင့်ပြုမိန့်များ ပယ်ဖျက်ပေးရန် လျှောက်ထားလာသော ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြထားသည့် အမှုတွဲ(၅၇)တွဲ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်တင်ပြလာသည့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များအရ ကိုက်ညီမှန်ကန်မှုရှိပြီး ပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်လုပ်ငန်းစာတွဲများ၊ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုထားသည့် ကိစ္စရပ်များအပေါ် အသုံးပြုသည့် နည်းလမ်းများအလိုက် သတ်မှတ်သင့်သော ဒဏ်ကြေးချမှတ်ရေးတို့ကို ဆွေးနွေးကြသည်။

လယ်ယာမြေများကို ဥပဒေနှင့်အညီ အခြားနည်းသုံးစွဲခွင့် တင်ပြလျှောက်ထားခြင်းမရှိဘဲ မိမိသဘောအလျောက် ကြိုတင်ဆောင်ရွက်ခြင်းသည် တည်ဆဲလယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ချိုးဖောက်ပါက ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူခြင်း၊ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းများကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ကြောင်း၊ လယ်ယာမြေကို ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်း ကိစ္စရပ်များ လျော့နည်းပပျောက်သွားရေး ဆောင်ရွက်လျက်ရှိကြောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နောင်တရားမြို့နယ်အတွင်းရှိ အစားထိုးဖွံ့ဖြိုးမှု ရေရှည်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CCDAC) အောက်ရှိ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ယမန်နေ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့နယ်အတွင်းရှိ ပေါ့အင်၊ မွေးပြင်၊ ပင်ခင်၊ လွယ်မောကျေးရွာအုပ်စုများသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်လျက်ရှိသည့် အစားထိုးဖွံ့ဖြိုးရေး ရေရှည်စီမံကိန်းလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်ခင်ကျေးရွာအုပ်စုရှိ ပင်ခင်-ပယ်လော-မြင့်သောင် မြေသားလမ်း(၄/၀)မိုင် ဖောက်လုပ်နေမှုအား လည်းကောင်း၊ လွယ်အယ်-သံတောင်လမ်းပေါ်ရှိ လွယ်အယ်ကွန်ကရစ်တံတား ပေ ၅၀ တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး**(အောက်ပုံ)** လိုအပ်သည် များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွေးပြင်ကျေးရွာအုပ်စု ခန္ဓကောင်ထိုလမ်းခွဲ-ကောင်ဖားနား-ငှက်ပျောပင် မြေသားလမ်း(၂/၀)မိုင် ဖောက်လုပ်နေမှု၊ ပေါ့အင်ကျေးရွာအုပ်စု ဘုရားဖြူ-ပက်ကော် (11 KVA)(၅/၀)မိုင် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ၊ ထိရွေး-ထိရယ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၅၀ တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘုရားဖြူ-ပက်ကော် 11 KVA လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းဖြင့် ဆောင်းနိုင်၊ တခေါက်၊ ကျောက်တင်၊ ပကျော်လုံးကြိမ်း၊ ပကျော်လုံးကြီး၊ ပကျော်လုံးမဏ္ဍပ်ခင်၊ ပကျော်လိန်းတင်၊ ကွဲဖြူတွင်း၊ ပရှားမှုးကျေးရွာ ကိုးရွာရှိ အိမ်ထောင်စု ၂၀၀၅ စု၊ လူဦးရေ ၉၃၇၇ ဦးတို့အတွက် မကြာမီအချိန်အတွင်း လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာရှနှင့် အမေရိကနိုင်ငံများဆိုင်ရာ အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အာရှနှင့် အမေရိကနိုင်ငံများဆိုင်ရာအဖွဲ့ ဒုတိယအတွင်းရေးမှူး Mr. Ben King ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်တို့အား ယမန်နေ့က ဝန်ကြီးရုံးမေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။**

အာရှနှင့် အမေရိကနိုင်ငံများဆိုင်ရာ အဖွဲ့ ဒုတိယအတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများ၊ လူကုန်ကူးတိုက်ဖျက်ရေး ဆောင်ရွက်မှုများ၊ ကလေးသူငယ်အခွင့်အရေးများအတွက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသစ်ရေးဆွဲဆောင်ရွက်ထားရှိမှုများ၊ ရခိုင်ပြည်နယ်၌ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များနှင့် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ASEAN - ERAT အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒုက္ခသည်စခန်းများ ပိတ်သိမ်းရေးအတွက် အမျိုးသားအဆင့် မူဝါဒချမှတ်ဆောင်ရွက်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နယူးဇီလန်အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေး**

အလားတူ အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လူကုန်ကူးတိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုများ၊ လူကုန်ကူးခံရသူများအတွက် အလုပ်အကိုင်ရှာဖွေနိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူထုအခြေပြု မူးယစ်ဆေးဖြတ်စခန်းများ ဖွင့်လှစ်အကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာရှနှင့် အမေရိကနိုင်ငံများဆိုင်ရာ အဖွဲ့ ဒုတိယအတွင်းရေးမှူး Mr. Ben King အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**သတင်းစဉ်**

# မေ့ဆေးပညာရပ်နယ်ပယ် ယခုထက် ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

**(၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးပညာရှင်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sule Shangri-La Hotel ၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးပညာရှင်များ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတကာတွင် မေ့ဆေးပညာရပ်သည် နည်းပညာရပ်ပိုင်း၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာပိုင်းစသည်ဖြင့် ဘက်ပေါင်းစုံ၌ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ပိုမိုကြိုးစားအားထုတ်မှုများ ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မျိုးဆက်သစ် မေ့ဆေးပညာရှင်များအနေဖြင့် ညီလာခံတက်ရောက်သူ နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ ဝါရင့်ပညာရှင်ကြီးများ၏ အတွေ့အကြုံနှင့် အမြင်များကို ရယူဖလှယ်နိုင်ခြင်း၊ ခေတ်မီနောက်ဆုံးပေါ်ကုထုံးများကို သိရှိနိုင်ခြင်းနှင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သဖြင့် အကျိုးရှိထိရောက်စွာ အသုံးချရန်လိုကြောင်း။

ယခုကဲ့သို့သော ညီလာခံကြီးများတွင် အောင်မြင်မှုများနှင့် အားသာချက်များသာမက အားနည်းချက်၊ လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ထည့်သွင်းဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း၊ ညီလာခံ၌ ဆွေးနွေးမည့်ခေါင်းစဉ် အကြောင်းအရာစုံလင်ပြီး မြန်မာနိုင်ငံ၏ မေ့ဆေးပညာရပ်နယ်ပယ် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကာ နိုင်ငံတကာမှ အတွေ့အကြုံများအနက် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများနှင့် ကိုက်ညီသဟဇာတဖြစ်မည့်အချက်များကို ထုတ်နုတ်အသုံးချသွားကြရမည်ဖြစ်ကြောင်း၊ ယခုညီလာခံတွင် ဟောပြောဆွေးနွေးမှုများ၊ အကြံပြုချက်များကို နိုင်ငံတစ်ဝန်းရှိ ပညာရှင်များသိရှိအောင် ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ မေ့ဆေးပညာရပ်နယ်ပယ် ယခုထက် ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ မေ့ဆေးပညာရှင်များအဖွဲ့ အပါအဝင် နီးနွယ်အသင်းအဖွဲ့များ၊ ဌာနများနှင့်လက်တွဲပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်နှင့် မြန်မာနိုင်ငံ မေ့ဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ပါမောက္ခ ဒေါက်တာအောင်ရွှေစောတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံအထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ညီလာခံကို ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ယူကေ၊ နယ်သာလန်၊ အီတလီ၊ ဩစတြေးလျ၊ အမေရိကန်၊ ယူအေအီး၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့မှ မေ့ဆေးပညာရှင်ကြီး ၆၀ နှင့် မြန်မာနိုင်ငံမှ မေ့ဆေးပညာရှင်ကြီး ၁၄ ဦးတို့က ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၌ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တွင် သင်ကြားသင်ယူမှုကို အထောက်အကူပြုနိုင်မည့် ပတ်ဝန်းကျင်ရရှိရေး၊ စာကြည့်တိုက်စုံလင်ကောင်းမွန်ရေး၊ စာသင်ဆောင်များ၊ စာသင်ခန်းများသာမက တက္ကသိုလ်နှင့် တက္ကသိုလ်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သာယာလှပရေးတို့အတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ပံ့ပိုးမှုများပေးအပ်လျက်ရှိပြီး ထပ်မံလိုအပ်သည်များကို ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း၊ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ တက်ရောက်နေသူ သင်တန်းသား၊ သူများအနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Centers for Disease Control and Prevention (CDC)နှင့် ဝန်ကြီးဌာနစသည့် အင်တာနက်စာမျက်နှာများကို ကြည့်ရှုလေ့လာကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် အင်္ဂလိပ်စာကို ပိုမိုကျွမ်းကျင်တတ်မြောက်အောင် ဆည်းပူးကြရန် လိုအပ်ကြောင်း၊ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)တွင် ဖွင့်လှစ်သင်ကြားသွားမည့် သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကိုလည်း တက်ရောက်နိုင်ပါကြောင်း၊ သင်ကြားပေးသည့် ဆရာ ဆရာမများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားခြင်းဖြင့် သင်ယူသူများ၏ စွမ်းဆောင်ရည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်သဖြင့် အားလုံးစုစည်း ကြိုးပမ်းကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က ပြည်ထောင်စုဝန်ကြီး မှာကြားထားရှိသောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုတင်ပြပြီး ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ တက်ရောက်လျက်ရှိသော သင်တန်းသူ၊ သင်တန်းသားများကလည်း တက္ကသိုလ်ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၏ စာသင်ဆောင်များ၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်နှင့် စားသောက်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ထွန်းဖောင်ဒေးရှင်း စာပေဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု"ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၈ ခုနှစ် (၁၃-ကြိမ်မြောက်) ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်ရန် ရွေးချယ်ထားသည့်စာအုပ်/စာမူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၈ ခုနှစ် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုရှင်အဖြစ် စာပေပညာရှင်ဆရာကြီး ဒေါက်တာဦးမြင့်အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူစာအုပ်ဆုအတွက် ကျန်းမာရေးစာပေဆုတွင် ဒေါက်တာခင်မောင်လွင် (FAME) ရေးသားသည့် ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ်၊ စီးပွားရေးစာပေဆုတွင် Nanz Chong- Komo ရေးသားသည့် One Business 99 Lessons ကို ဒေါက်တာခင်စန်းမော် မြန်မာပြန်ဆိုသည့် စီးပွားရေးတစ်ခုမှရသော သင်ခန်းစာ ၉၉ ချက်၊ အတ္ထုပ္ပတ္တိစာပေဆုတွင် မောင်ဆွေသက်ရေးသားသည့် ခေတ်အဆက်ဆက် အနုပညာရှင် ဗိုလ်ကလေးတင့်အောင်၊ သမိုင်းစာပေဆုတွင် မောင်နိုင် (ဒဿနိက)ရေးသားသည့် ဖောင်နန်းစကြာရတနာနှင့် စွယ်စုံသုံးနည်းပညာများ၊ ယဉ်ကျေးမှုစာပေဆုတွင် မြန်စာမြေသိန်းလွင်ရေးသားသည့် မဟာပိန္နဲနတ်နှင့် မြန်မာ့ယဉ်ကျေးမှု၊ ရှေးဟောင်းကျမ်းစာပေဆုတွင် လှိုင်ထွန်းနိုင် ပေမူမှ ကူးယူစိစစ်တည်းဖြတ်သည့် ယောမင်းကြီး ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် အဿဘေဒကျမ်း၊ ရည်ညွှန်းစာပေဆုတွင် ဦးအေးချို (မဟာဝိဇ္ဇာ) ရေးသားသည့် ပန်းရွှေပြည်စာနိဒါန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် ဝင်းချစ်(အမျိုးသားစာပေဆုရ) ရေးသားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါးများ၊ ကလေးစာပေဆုတွင် မသဇင်ရေးသားပြီး ပန်းချီနော်အိမ်ခန့်(NEK) သရုပ်ဖော်ရေးဆွဲထားသည့် ကြက်ပေါက်လေးရဲ့ စွန့်စားခန်း၊ လူငယ်စာပေဆုတွင် ကျော်ဝင်းဟိန်း(ပခုက္ကူ) ရေးသားသည့် လူငယ်များအတွက် သိပ္ပံသုတ၊ သုတပဒေသာဘာသာရပ်တွင် ဘူမိလုလင် (ပဲခူးဆောင်ကျောင်းသားဟောင်းတစ်ဦး) ရေးသားသည့် မတည်ငြိမ်သော ဤကမ္ဘာမြေနှင့် ကမ္ဘာမြေသမိုင်းနှင့် စာပဒေသာ ဘာသာရပ်တွင် ဒေါက်တာကျော်ဝင်း၊ သမိုင်းပါမောက္ခ(ငြိမ်း) ရေးသားသည့် ကုံကော်မြေမှ ရာပြည့်ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀-၂၀၂၀)တို့က ရရှိကြောင်း သိရသည်။

ယဉ်ကျေးမှုစာပေဆု(အင်္ဂလိပ်)တွင် Meiji Soe ရေးသားသည့် Amnesty-winning Poems During Myanmar Monarchy နှင့် စာပဒေသာဆု (အင်္ဂလိပ်)တွင် Aye Phyu ရေးသားသည့် My Anthology တို့က ရရှိကြပြီး စာမူဆုအတွက် သမိုင်းစာပေဆုတွင် ဒေါက်တာ ကျော်ဆွေဦး တည်းဖြတ်သည့် အင်္ဂလိပ်မင်း ဒုတိယမြောက် ဂျော့ဘုရင်ထံသို့ပေးပို့သော မြန်မာမင်း အလောင်းမင်းတရား၏ ရွှေပေစာ (၇ မေ ၁၇၅၆)၊ ယဉ်ကျေးမှုစာပေဆုတွင် ထိန်လင်း (မန်းတက္ကသိုလ်)ရေးသားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သင်ဖြူးဖျာလုပ်ငန်း၊ လူငယ်စာပေဆုတွင် နိုင်သောင်းထွဋ် ရေးသားသည့် ချစ်သား ဆရာလောင်းသို့ပေးစာများ၊ သုတ ပဒေသာစာပေဆုတွင် ဦးလှမြင့်ရေးသားသည့် သိပ္ပံပညာများ၏သမိုင်းနှင့် စာပဒေသာစာပေဆုတွင် တက္ကသိုလ်ဟန်စိုးဦး ရေးသားသည့် အာဆီယံနှစ်(၅၀)ခရီးတို့က ရရှိကြကြောင်း သိရသည်။

ထို့အတူ သမိုင်းစာပေဆု(အင်္ဂလိပ်)တွင် Dr.Daw Myint Kyi ရေးသားသည့် Myanmar-Japan War Reparation Issueနှင့် ယဉ်ကျေးမှုစာပေဆု (အင်္ဂလိပ်)တွင် Dr.San Win (Archaeology) ရေးသားသည့် Research Journey Through Bronze Age Culture of Myanmar တို့က ရရှိကြသည်။

(၁၃)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆုများတွင် တစ်သက်တာစာပေဆုအတွက် ဆုငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်း အမှတ်တံဆိပ်ပါ ရွှေတံဆိပ်ကို ပူးတွဲချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းတိတိ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၉ ခုနှစ် မတ်လအတွင်း ကျင်းပရန်လျာထားပြီး အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကာ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုရိပ်စည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရာထမ်းငယ်အခြေခံသင်တန်းဆင်းပွဲများကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နဝရတ်ခန်းမတွင် အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ် (၈၃) (၈၄) (၈၅) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းအမှတ်စဉ်အလိုက် စံပြဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပါသည်။

ယင်းသင်တန်းဆင်းပွဲသို့ ဌာနကြီးမှူး(သင်တန်းရေးရာ)၊ ဌာနမှူး၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၈၃)(၈၄)(၈၅) သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ သင်တန်းသား ၁၈၂ ဦးနှင့် သင်တန်းသူ ၂၅၂ ဦး စုစုပေါင်း ၄၃၄ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**သောက်သုံးရေ လိုအပ်နေသည့် ဘီးလင်းမြို့နယ် ဂွသောင်ကျေးရွာမှ ပြည်သူများအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ဖေဖော်ဝါရီ ၇ ရက်က ရေဂါလန် ၅၅၀ သွားရောက်လှူဒါန်းစဉ်။** မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စု၏ နှလုံးသား ငြိမ်းချမ်းရေးနှင့် စုပေါင်းအား

**မိုးလွင်ဦး(လွိုင်လင်)**

**မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ် ၁၀၀ ကျော်တို့သည် တောင်ပေါ် မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြင့် နေထိုင်လာခဲ့ကြသည်မှာ ရှေးပဝေသဏီကတည်းကပင် ဖြစ်ပါသည်။**



ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်မှုကို အခိုင်အမာပြသကာ ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပြီး နယ်ချဲ့တို့ထံမှ မြန်မာ့လွတ်လပ်ရေးကြီးကို အရယူပေးခဲ့ကြသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်သော ပြည်ထောင်စုနေ့အခါသမယကို မြန်မာပြည်သူတို့ မေ့ပျောက်၍မရနိုင်သလို ပြည်ထောင်စုစိတ်ဓာတ်သည်လည်း နောင်နှစ်ပေါင်းများစွာတိုင် တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသည်။

**အညီအညွတ်လက်မှတ်ရေးထိုး**

လွန်ခဲ့သော နှစ်ပေါင်း ၇၂ နှစ်၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့ကလေး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းစော်ဘွားများ၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များ စုစုပေါင်း ၂၃ ဦးတို့က တစည်းတလုံးတည်း အညီအညွတ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။

တိုင်းရင်းသားများ သွေးစည်းညီညွတ်မှုဖြင့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့်နေ့ကို အမိမြန်မာနိုင်ငံတော်ကြီး၏ သမိုင်းဝင်နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ကာ ပြည်ထောင်စုနေ့ကြီး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုနေ့ကြီး ပေါ်ပေါက်လာပြီး တစ်နှစ်ခန့်အကြာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာပေါ်ထွန်းလာခဲ့ပါသည်။ သို့ရာတွင်လွတ်လပ်ရေး၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝ မခံစားလိုက်ရဘဲ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။

**ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းအဖြေရှာ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရန် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးခဲ့ကြကာ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးကိစ္စများကို နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းတွင် တွေ့ဆုံညှိနှိုင်းအဖြေရှာဆောင်ရွက်လျက်ရှိပါသည်။

**❖ ငြိမ်းချမ်းရေးပန်းများ ထာဝရလန်းဆန်းစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စုပေါင်းအားဖြင့် စည်းလုံး ညီညွတ်စွာ ဆောင်ရွက်ရမည့်အချိန်ကာလပင်ဖြစ်**

ယခုနှစ် ပြည်ထောင်စုနေ့ကို ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်ထောင်စုကြီးမွေးဖွားရာ၊ ပြည်ထောင်စုကြီး သန္ဓေတည်ရာ၊ ပြည်မတောင်တန်းပူးပေါင်းရေး စာချုပ်ချုပ်ဆိုရာ အထိမ်းအမှတ် ပြည်ထောင်စုကျောက်တိုင်နေရာ အပါအဝင် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို သမိုင်းဝင် မြို့ပင်လုံတွင် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည့် ပုံရိပ်များသည် စာရေးသူနှင့် ဒေသခံပြည်သူများအားလုံး အမှတ်တရရှိနေဆဲ ဖြစ်ပါသည်။

ပင်လုံမြို့တွင် ကျင်းပခဲ့သည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါသည်။ အဓိကအချက်အနေဖြင့် ငြိမ်းချမ်းရေးဟူသည့် အမွေအနှစ်များကို နောင်အနာဂတ်မျိုးဆက်များအတွက် ချန်ထားပေးခဲ့ချင်ကြောင်း ပြောကြားသွားခဲ့ပါသည်။ မှန်ပါသည်။ တိုင်းပြည်၏ သယံဇာတဖြစ်သည့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရေမြေတောတောင် သဘာဝအလှအပများသည် သုံး၍ကုန်သွားနိုင်သော်လည်း သုံး၍မကုန်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်သည်သာ ထာဝရတည်တံ့နေမည် ဖြစ်ပါသည်။

**နိုင်ငံရေးသဘောတူညီချက်များ ရရှိရေး**

နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်တွင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်း ထုတ်ပြန်ကြေညာချက်၌ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှုခိုင်မာရေး၊ နိုင်ငံရေးသဘောတူညီချက်များရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းသို့ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့လုံး ရောက်ရှိလာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။

အလားတူ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ရက်စွဲဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် တပ်မတော်အနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအားလုံးကို ရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း၊ တပ်လှုပ်ရှားမှုရပ်ဆိုင်းထားသည့် ကာလအတွင်း စစ်ဆင်ရေးနယ်မြေအလိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားရန်ဖြစ်ပြီး လိုအပ်ပါက တပ်မတော်အနေဖြင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးစီးသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများနှင့် သက်ဆိုင်ရာနယ်မြေအလိုက် တိုင်းမှူးများပါဝင်သော ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပါရှိပါသည်။

**ပြည်ထောင်စုသဘောတူစာချုပ်**

ထို့အတူ ယင်းထုတ်ပြန်ချက်၏ အပိုဒ်(၁၁)တွင် NCA လက်မှတ်ရေးထိုးပြီးနှင့် လက်မှတ်ရေးထိုးရန်ကြိုးပမ်းဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ သီးသန့်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား၌ ပြောကြားခဲ့ပြီးဖြစ်သည့် **"၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး သန္နိဋ္ဌာန်ချထားကြောင်းနှင့် တပ်မတော်အနေဖြင့် သန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူလူထုလိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်အပ်နှင်းမည်ဟူသည့်သန္နိဋ္ဌာန်"** ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကလည်း ကတိကဝတ်ပြုပြီးနောက် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး သတ်မှတ် လုပ်ငန်းစဉ်များအလိုက် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယနေ့အချိန်အခါသည် ရေကန်အသင့် ကြာအသင့်ဖြစ်နေပြီး မဝေးတော့သည့်ကာလများတွင် ပြည်ထောင်စုကြီး၏ ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို လှမ်းကိုင်နိုင်တော့မည်ဟု ယုံကြည်မိပါသည်။ ငြိမ်းချမ်းရေးပန်းများ ထာဝရလန်းဆန်းစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စုပေါင်းအားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရမည့် အချိန်ကာလပင်ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ကမာရွတ်မြို့နယ် ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်အဖြစ် ကမာရွတ်လှည်းတန်းစင်တာ စာကြည့်တိုက်ကကြီးမှူး၍ မြို့နယ်စာရေးဆရာအသင်းနှင့် ပန်းချီပညာရှင်များပူးပေါင်းပါဝင်မှုဖြင့် မြို့နယ်အတွင်း ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရန် စီစဉ်ထားသည်။

**ပါဝင်ယှဉ်ပြိုင်**

ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် "သွေးစည်းကြစို့" ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ လှည်းတန်းစင်တာ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် ၂၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အလားတူပင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူ ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ကျင်းပ**

ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် နိုင်ငံကျော်ပန်းချီပညာရှင်ကြီးများ၊ စာရေးဆရာများနှင့် ပြန်/ဆက်ဦးစီးဌာနတို့မှ ကြီးကြပ်ဆောင်ရွက်ပေးကြမည်ဖြစ်ပြီး ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်း၊ တတိယဆုငွေကျပ်ငါးသောင်း၊ အထူးဆုနှစ်ဆု ငွေကျပ်သုံးသောင်းစီနှင့် ပြိုင်ပွဲဝင်တိုင်းကို နှစ်သိမ့်ဆုငွေကျပ် တစ်သောင်းစီ ချီးမြှင့်ရန် စီစဉ်ထားပြီး ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေတွင် ကျင်းပမည်ဖြစ်သည်။

**မြတ်စိုး(လှိုင်)**



**ကောလင်းမြို့နယ်၌ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ပူးပေါင်းကျင်းပသော ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက် မွေးနေ့အကြို စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်က အခြေခံပညာ အလယ်တန်းကျောင်းခွဲ မြောက်အင်း၌ ကျင်းပစဉ်။**
(ဟောပြောပွဲတွင် စာရေးဆရာ ထွဏ်းသွေးအိမ်နှင့် ဦးဘုန်း(ဓာတု)တို့ ဟောပြောခဲ့ကြောင်း သိရသည်။)

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေး ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီဓာတ်အားလိုင်းနှင့် မြဝတီဓာတ်အားခွဲရုံကို တည်ဆောက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းစာအုပ်များ ထုတ်ဝေမှု၊ စာမူများထိန်းသိမ်းထားမှု၊ စာမူခများ ရရှိမှုပမာဏနှင့် ရွှေဥဒေါင်းစာပေဆုချီးမြှင့်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက စာရေး ဆရာကြီး ဦးဖေသိန်း(ကလောင်အမည် ရွှေဥဒေါင်း)သည် ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ ကွယ်လွန်ပြီးနောက် ဆရာကြီး၏ စာအုပ်စာပေများကို စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆရာကြီးရွှေဥဒေါင်းစာမူ ထိန်းသိမ်းရေးကော်မတီက ဆောင်ရွက်နေသည့်အကြောင်းကို သိရှိခဲ့ရပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်သူတစ်ဦးဖြစ်သည့် ဆရာမကြီး လူထုဒေါ်အမာ၏သား ဦးငြိမ်းချမ်း(စာရေးဆရာ ညီပုလေး) ကို ဆက်သွယ်မေးမြန်းသည့်အခါ ဆရာက စာဖြင့် ယခုကဲ့သို့ ပြန်ကြားခဲ့ပါကြောင်း။

ဆရာကြီးရွှေဥဒေါင်းကွယ်လွန်သည့်အခါ ဇနီးဖြစ်သူ ဒေါ်ကြီးစိုး ကျန်ရစ်ခဲ့ပါကြောင်း၊ ဒေါ်ကြီးစိုးက ဆရာကြီးရွှေဥဒေါင်း၏ စာမူများကိုထိန်းသိမ်းရန် ဒါရိုက်တာ စာရေးဆရာ ဦးသုခ၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ ဆရာသော်တာဆွေနှင့် ဟံသာဝတီ ဆရာဦးဝင်းတင်တို့ကို လွှဲအပ်တာဝန်ပေးခဲ့ပါကြောင်း၊ ဖော်ပြပါပုဂ္ဂိုလ်များ ထိန်းသိမ်းလာခဲ့ရာမှ တစ်ဦးပြီးတစ်ဦး ကွယ်လွန်သွားခဲ့ကြပြီး နောက်ဆုံးကျန်ခဲ့သူ ဟံသာဝတီ ဦးဝင်းတင်က လူထုမိသားစုနှင့် ဆရာကြီးရွှေဥဒေါင်း၏ တူဖြစ်သူ ဆရာ လူထုဦးစိန်ဝင်းသို့ ဆက်သွယ်လွှဲပြောင်းထိန်းသိမ်းစေခဲ့ပါကြောင်း။

ဆရာလူထုဦးစိန်ဝင်းကွယ်လွန်သည့်အခါ လူထုမိသားစုနှင့် ဆရာကြီး ရွှေဥဒေါင်း၏မြေး ဦးသိန်းအေး(အင်ဂျင်နီယာ)နှင့် အထက်မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ဆရာကြီး၏စာမူများကို ဆက်လက်ထိန်းသိမ်းခဲ့ရာ ယနေ့ထက်တိုင်ဖြစ်ပါကြောင်း၊ ဆရာကြီးရွှေဥဒေါင်း၏ စာမူခများမှာ ယခုအခါ ငွေကျပ် ၁၀၈၉ သိန်းရှိပြီး မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အမှတ်-၂၊ စာရင်းအုပ်စု SDA၊ စာရင်းအမျိုးအစား S၊ ငွေစာရင်းအမှတ် SC 004088 တွင် စာရင်းသွင်းစုဆောင်းထားပါကြောင်း။

ဖော်ပြပါ စုဆောင်းငွေများကို ဆရာကြီးရွှေဥဒေါင်း၏ဇာတိ စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မန်ကျည်းတုံရွာရှိ ရွှေဥဒေါင်းစာကြည့်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်းသို့ လှူဒါန်းရန် ဆရာကြီးရွှေဥဒေါင်း ဆွေမျိုးများနှင့် ရွာမိရွာဖများပါဝင်သောအဖွဲ့ကို ပေးအပ်လှူဒါန်းရန် ပြောဆိုတိုင်ပင်ပြီးဖြစ်ပါကြောင်း။

## ရွှေဥဒေါင်းစာပေဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆရာကြီး ရွှေဥဒေါင်းစာမူ ထိန်းသိမ်းရေးကော်မတီတို့တွင် အစီအစဉ်မရှိသေး

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စာပေဗိမာန်မှ ထုတ်ဝေခဲ့သည့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်၊ ဝတ္ထုရှည်စာစဉ်၊ အတွဲ(၂)တွင် ဆရာကြီး၏ ရတနာပုံဝတ္ထုကို ထည့်သွင်းထုတ်ဝေခဲ့ပြီး ယင်းအတွက် မူပိုင်ခွင့်တောင်းခံခဲ့ခြင်း၊ ဉာဏ်ပူဇော်ခချီးမြှင့်ခြင်းတို့ကို စာစဉ်ထုတ်ဝေရေးကော်မတီက ဆရာကြီး ရွှေဥဒေါင်း စာမူထိန်းသိမ်းရေးကော်မတီမှ စာရေးဆရာညီပုလေးနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွှေဥဒေါင်းစာပေဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆရာကြီးရွှေဥဒေါင်းစာမူထိန်းသိမ်းရေးကော်မတီတို့တွင် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဆက်စပ်မေးခွန်းအနေဖြင့် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်က ဆရာကြီး၏ စာမူများကို နောက်ဆုံးပိုင်ဆိုင်ခဲ့သူမှာ အဘွား ဒေါ်ကြီးစိုးဖြစ်ပါကြောင်း၊ အဘွားဒေါ်ကြီးစိုးက နောက်ဆုံးပေးအပ်ခဲ့သည့် တူမ ဒေါ်မြင့်မြင့်၏ ဆန္ဒသည် ရွှေဥဒေါင်းစာပေဆု ထာဝစဉ်တည်တံ့ရေးအတွက် ဆရာကြီး၏ စာမူအားလုံးကို နိုင်ငံတော်ကို အပြီးပြတ်လှူဒါန်းမည်ဟု ပြောကြားပါကြောင်း၊ တစ်ချိန်တွင် နိုင်ငံတော်မှတစ်ဆင့် ဆုချီးမြှင့်သည့်အခါ စာရေးဆရာကြီးရွှေဥဒေါင်း၏မျိုးဆက် ဆက်ခံသူတစ်ယောက်အနေဖြင့် အဘွားဒေါ်ကြီးစိုး၏ကိုယ်စား ဆုပေးပွဲများတွင် တက်ရောက်ဆုပေးခွင့်ပြုရန် တောင်းဆိုပါကြောင်း၊ ရွှေဥဒေါင်းစာပေဆုအတွက် ထိန်းသိမ်းရေးကော်မတီအဆင့်ဆင့်တွင် မည်သို့ချမှတ်မည်နှင့် ကာယကံရှင်၏ မေတ္တာရပ်ခံချက်ကို မည်သို့လက်ခံမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကိုယ်စားလှယ်၏မေးခွန်းနှင့်ပတ်သက်၍ စာရေးဆရာကြီးရွှေဥဒေါင်း စာမူထိန်းသိမ်းရေးကော်မတီမှ စာရေးဆရာညီပုလေးနှင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောတင်ဝင်း

## ဇန်းမောက်မြို့နယ်တွင် ကျေးရွာပေါင်း ၂၂၃ ရွာရှိသည့်အနက် ၁၂ ရွာတွင် ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးဖြစ်

ဇန်းမောက် မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဇန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းစေရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဇန်းမောက်မြို့နယ်တွင် ကျေးရွာပေါင်း ၂၂၃ ရွာရှိသည့်အနက် ၁၂ ရွာတွင် ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးဖြစ်ပါကြောင်း၊ လက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၂ မိုင်အတွင်းရှိ ကျေးရွာပေါင်း ၉ ရွာအား အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP ပထမအဆင့်အစီအစဉ် နှင့် ၂ မိုင်အထက်မှ ၅ မိုင်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာအား NEP ဒုတိယအဆင့် အစီအစဉ်အဖြစ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသောကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်၍ လက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် လွန်စွာ ကွာဝေးလျက်ရှိသဖြင့် အဆိုပါကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် နားမော်ကျေးရွာ၌ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၄ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေ ခွဲရုံ တစ်ရုံ တည်ဆောက်ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပန်းတောကျေးရွာ၌ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံ တစ်ရုံ တည်ဆောက်ခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပင်ပုံကျေးရွာ၌ ၃၃ ကေဗွီ ဓာတ်အားလိုင်း မိုင် ၂၀၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံ တစ်ရုံ တည်ဆောက်ခြင်း နှင့် ဟော်ယော်ကျေးရွာ၌ ၃၃ ကေဗွီဓာတ်အားလိုင်း မိုင် ၃၀၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီ အေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများအား ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်နေသော ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများနှင့် အဆိုပါ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်သည့် ဘဏ္ဍာနှစ်များနှင့်လိုက်လျောညီထွေစွာဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောတင်ဝင်း၏ **ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ခဲ့သော မီဂါဝပ် ၁၂၈၀ ထွက်ရှိမည့် USC(Ultra Super Critical) နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနသို့ တင်ပြလာသည့် စီမံကိန်းများကို စဉ်းစားဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးစီးပွား ထိခိုက်လာနိုင်ခြင်း ရှိ၊ မရှိ၊ တင်ပြလာသည့် စီမံကိန်း၏ သက်ဆိုင်ရာကဏ္ဍအလိုက် လောင်စာရင်းမြစ် ရရှိမှုပိုင်းဆိုင်ရာ၊ စက်ရုံပိုင်းဆိုင်ရာ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဒီဇိုင်းပိုင်းဆိုင်ရာ၊ စက်မှုနှင့် လျှပ်စစ်တပ်ဆင်ရေးဆိုင်ရာကိစ္စ၊ စီမံကိန်းကုန်ကျစရိတ်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိရေး၊ ဓာတ်အားစနစ်အတွင်းသို့ ထည့်သွင်းနိုင်သည့် ဓာတ်အားပေါင်းတို့ကို လေ့လာပြီးမှသာ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

## ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးချဲ့ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိ

ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲရရှိနိုင်ရေးအတွက် ပြည်နယ်အတွင်း ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ မြဝတီဓာတ်အားခွဲရုံကို တည်ဆောက်ဆောင်ရွက်ပေးလျက်ရှိရာ ယခုလာမည့် ဧပြီလတွင် ပြီးစီး၍ နိုင်ငံတော်၏ ဓာတ်အားစနစ်ကွန်ရက်မှ ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ မြန်အောင် မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၊ တနိုင်း မဲဆန္ဒနယ်မှ ဦးလင်းလင်းဦးနှင့် ရမည်းသင်း မဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

## မြန်မာ့လျှပ်စစ် ဖြန့်ဖြူးရေးကဏ္ဍတွင် နိုင်ငံပိုင်အဖြစ် စာချုပ်ချုပ်ထားခြင်းအားဖြင့် အချိန်ကာလတစ်ခုကို ခြိုးခြံရင်းနှီးပေးခြင်းအားဖြင့် နောင်လာနောက်သားများလက်ထက်တွင် လျှပ်စစ်ဓာတ်အားကိုယ်ပိုင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်အဆင့်သို့ ရောက်ရှိမည်ဖြစ်

ထို့နောက် သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းက **မြန်မာ့လျှပ်စစ် ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါ ဖြန့်ဖြူးရေးတွင် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သော စျေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသော စာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်** အဆိုတင်သွင်းရာတွင် လျှပ်စစ်ဆိုသည်မှာ နိုင်ငံတကာတွင် စိတ်ကြိုက်ရောင်းဝယ်လုပ်ကိုင်နေသည့် စီးပွားရေးတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နှင့်ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများတွင် လျှပ်စစ်မီးသုံးလိုသူက ကုမ္ပဏီကို အကြောင်းကြားလိုက်သည်နှင့် ထုတ်လုပ်မှုမှ တာဝန်ယူ၍ သုံးစွဲသူက သုံးစွဲသည့် ယူနစ်အလိုက်သာ ပေးချေရသောကြောင့် ဝန်ထုပ်ဝန်ပိုး ကင်းပါကြောင်း၊ ယင်းစနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ဆင်းရဲ၊ ချမ်းသာမရွေး သုံးစွဲခွင့်ရနိုင်မည်ဖြစ်ပါကြောင်း၊ အများပိုင်ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံခွင့်ပေးရာတွင် မတရားစျေးမြှင့်ကောက်ခံခြင်းနှင့် စိန်ခေါ်မှုများ ရှိလာနိုင်ပါကြောင်း၊ ထို့ကြောင့် စျေးနှုန်းအမှန် တွက်ချက်နိုင်သည့် ဝန်ကြီးဌာနက စျေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလ သတ်မှတ်ပေးခြင်း၊ အကျိုး အမြတ်ကာလသတ်မှတ်ပေးခြင်းပြု၍ ခိုင်မာသောစာချုပ်ဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပါကြောင်း။

ထို့အပြင် အကျိုးအမြတ်ကာလ ပြည့်ပြီးပါက နိုင်ငံပိုင်အဖြစ် စာချုပ်ချုပ်ထားခြင်းအားဖြင့် အချိန်ကာလတစ်ခုကို ခြိုးခြံရင်းနှီးပေးခြင်းအားဖြင့် နောင်လာနောက်သားများလက်ထက်တွင် လျှပ်စစ်ဓာတ်အား ကိုယ်ပိုင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်အဆင့်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ဤနည်းသည် ရန်ပုံငွေချို့တဲ့သော နိုင်ငံများအတွက် သူတစ်ပါး အရင်းအနှီးဖြင့် ဖွံ့ဖြိုးရေးတည်ဆောက်သည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်တွင်း အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စီးပွားရေး ရင်းနှီးမြှုပ်နှံနိုင်ရန် လုပ်ငန်းဖော်ထုတ်ပေးနိုင်ခြင်းနှင့် နိုင်ငံသားများကိုလည်း လုပ်ငန်းလိုအပ်ချက်အရ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ခြင်း အကျိုးရရှိစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးလင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# စာအုပ်ညစျေးတန်း ရန်ကုန်မြို့၌ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)နှင့် House of Orchid တို့ ပူးပေါင်း၍ စာအုပ်ညစျေးတန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ House of Orchid ၏ ဥပစာနေရာများ၌ ဖေဖော်ဝါရီ ၉ ရက်တွင် နေ့စဉ် ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ တစ်လခန့်ဆက်တိုက်ရောင်းချပေးသွားရန် စီစဉ်လျက်ရှိသည်။

ဆိုင်ခန်းများ ခင်းကျင်းမှုကို နေ့စဉ်ဖြုတ်သိမ်းပေးနိုင်ရေးအတွက် စာအုပ်များ သိမ်းဆည်းရန်နေရာ၊ ဆိုင်ခန်းများအတွက် လျှပ်စစ်မီးလင်းရေးတို့ပါ စီစဉ်ထားရှိပြီး ညစဉ် စာဖတ်ဝိုင်းများ၊ အမှတ်တရ လက်မှတ်ရေးထိုးရောင်းချပွဲများပါ ထည့်သွင်းပြုလုပ်နိုင်ရန် စီစဉ်ထားသည်။

စာအုပ်ညစျေးတန်းတွင် လက်ရှိစာအုပ်ရောင်းချနေသော စာအုပ်ဆိုင် ၃၀ ကို ဦးစားပေးရွေးချယ်၍ ရောင်းချခွင့်စီစဉ်ပေးမည်ဖြစ်ရာ ဆက်သွယ်လိုပါက မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရုံးခန်း) အခန်းအမှတ်(၆၀၃) (၆)လွှာ အမှတ်(၁၃၇/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာကျိန်ဆိုရေးအဆို ထောက်ခံမဲများသဖြင့် အတည်ပြု

**နေပြည်တော်　ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ကျေးရွာများဖြစ်သည့် ပုလဲကိုင်းကျေးရွာ၊ လက်ပန်ကျေးရွာ၊ ဇီးချောင်းကျေးရွာများအား ပြည်ထဲရေး အမည်စာရင်းထည့်သွင်းပေးရန်နှင့် ကျေးရွာများအဖြစ် အသိအမှတ်ပြု သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့် က လက်ပန်ကျေးရွာ နှင့် ဇီးချောင်းကျေးရွာတို့သည် စိစစ်တွေ့ရှိချက်များအရ တရားဝင်အမည်ပေါက်ကျေးရွာအဖြစ် သတ်မှတ်ပေးရန် မသင့်ကြောင်းနှင့် ပုလဲကိုင်းကျေးရွာအား တရားဝင်အမည်ပေါက်ကျေးရွာအဖြစ် သတ်မှတ်ပေးမည်ဆိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သစ်တောကြိုးဝိုင်းမြေအတွင်း ကျရောက်နေသည့်အတွက် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပြီးမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာဖြင့် ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ ပညာရေးဥပဒေပြဋ္ဌာန်းပြီးသည့်အခါတွင် ယင်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန၏ **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသည့် အခြေခံပညာအဆင့် ပုဂ္ဂလိကကျောင်း လေးကျောင်းနှင့် အဆင့်မြင့်ပညာသင် ပုဂ္ဂလိကကျောင်း လေးကျောင်းတို့ကို ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာဖြင့် ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ ပညာရေးဥပဒေပြဋ္ဌာန်းပြီးသည့်အခါတွင် ယင်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဆက်လက်၍ မုံရွာ ဝါကြိတ်စက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း၊ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက်အနေဖြင့် မုံရွာဝါကြိတ်စက်ရုံကို နှစ်ရှည်ငှားရမ်း၍ ဂွမ်းကပ်၊ မွေ့ရာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက်တင်ပြခဲ့သဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် တင်သွင်းခဲ့သည့် သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်မှုများအား ရပ်ဆိုင်းသင့်ကြောင်း အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများပါဝင်သည့် အထူးကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဝါကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဖွဲ့စည်းပေးခဲ့သော အထူးကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပါအချက်များ အပေါ်အခြေခံ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၇/၂၀၁၇ ကြိမ်မြောက် အစည်းအဝေးတွင် “ငှားရမ်းခများ ပြန်လည်ညှိနှိုင်း၍ သီးသန့်စာချုပ် ပြင်ဆင်ချုပ်ဆိုရန်နှင့် အဆိုပါကိစ္စရပ်များအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြရန်” ဆုံးဖြတ်ခဲ့ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးဆက်အောင်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး ဦးမျိုးတင့်

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ငှားရမ်းခနှုန်းထား ပြင်ဆင်သတ်မှတ်၍ ပြင်ဆင်ချက်စာချုပ် (မူကြမ်း) ပြုစုလျက်ရှိပါကြောင်း၊ ပြင်ဆင်ချက်စာချုပ် (မူကြမ်း) ပြီးစီးပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သဘောထားများရယူပြင်ဆင်၍ ပြည်ထောင်စုစီးပွားရေးရာကော်မတီသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေများအရ ပေါ်ပေါက်လာသည့် အဖွဲ့အစည်းဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုဥပဒေ ဖျက်သိမ်းမှုမပြုသရွေ့ တည်တံ့နေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအား တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်အပေါ်မူတည်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂ နှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်ပြီး ၎င်းဦးစီးဌာနကပင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂(ဆ) အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ကော်မရှင်ရုံးအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးလှဆန်း**က တရားရေးလမ်းကြောင်း တည့်မတ်မှန်ကန်စေရေး အစခြေလှမ်းဟု သတ်မှတ်ရသော ဦးစိုးမိုး တင်သွင်းသည့် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးသည်လည်း လိုအပ်သကဲ့သို့ တိကျမှန်ကန်ဖြောင့်မှန်သော တရားရေးလမ်းကြောင်း ဖြစ်ပေါ်တည်ရှိလာစေရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများ၊ တရားရေးလမ်းကြောင်း လက်တွေ့ဖော်ဆောင်ပေးနေသည့် တရားသူကြီးများ၊ ဥပဒေပညာရှင်များ၊ ရှေ့နေများ၊ တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများ၊ အမှုသည်များ၊ သက်သေများ၊ ပြည်သူ့ရဲဝန်ထမ်းများ အဂတိတရားလိုက်စားမှုမရှိဘဲ မိမိတာဝန် မိမိကျေပွန်အောင် ထမ်းဆောင်ကြပါဟုပြောကြားရင်း အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

## တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာကျိန်ဆိုရေးအဆိုအား တရားစီရင်ရေးဥပဒေတွင် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းပေးမည်ဆိုပါက ပိုမိုသင့်တော်မည်ဖြစ်ပါကြောင်း

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း**က အဆိုတွင် တရားသူကြီးများအနေဖြင့် တရားခွင်တက်တိုင်း၊ အမှုစစ်ဆေးတိုင်း ကျမ်းသစ္စာကျိန်ဆိုရန်မလိုအပ်သော်လည်း နေ့စဉ်တရားခွင် စတင်ဆောင်ရွက်သည့်အခါ သို့မဟုတ် အမှုတစ်ခု စတင်စစ်ဆေးသည့်အခါ ကျမ်းသစ္စာကျိန်ဆိုရန် လိုအပ်သည်ကို ဖော်ပြထားပါကြောင်း၊ တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆိုအား တရားစီရင်ရေး ဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းပေးမည်ဆိုပါက ပိုမိုသင့်တော်မည် ဖြစ်ပါကြောင်း၊ တရားစီရင်သည့် တရားသူကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူကို တရားစီရင်ရာတွင် ပြည်သူ့တရားသူကြီးများဖြစ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး**က မိမိတို့နိုင်ငံတွင် ဖြတ်သန်းခဲ့သည့် ခေတ်၊ စနစ်များကြောင့် ပြည်သူအများစုသည် အသိပညာနည်းပါးနေကြပါကြောင်း၊ အမှန်တရားအပေါ်တွင် လုံးဝရပ်တည်ရမည်ဆိုသည့် နှိုင်းဆနိုင်သည့် ဆင်ခြင်တုံတရား နည်းပါးနေကြပါကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် တရားရုံးများတွင်လည်း အဆိုပါ အသိပညာနည်းပါးသည့်အတွက် ပြည်သူများသည် အများဆုံးအမှုရင်ဆိုင်နေကြရပါကြောင်း၊ အမှုစစ်တရားသူကြီးများ၊ သက်သေများနှင့် တရားလို၊ တရားခံ၊ အရာရှိ စသည်မခွဲခြားဘဲ ကျမ်းကျိန်ဆိုကြမည်ဆိုပါက တရားစီရင်ရေးအပေါ်တွင် ပြည်သူအများစုက တရားမျှတမှန်ကန်ကြောင်း ယုံကြည်ကိုးစား လာကြမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄) မှ ဦးကျော်ကျော်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ပြန်လည်ဆွေးနွေးရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဈေးကွက်စီးပွားရေးစနစ်နှင့် လွတ်လပ်စွာကုန်သွယ်ခြင်း အစီအမံတို့ကို ဆောင်ရွက်နေပါကြောင်း၊ လိုအပ်သည့် ကုန်သွယ်မှုဆိုင်ရာ ဥပဒေများကိုလည်း နိုင်ငံတကာက ရင်းနှီးမြှုပ်နှံနိုင်စေရန် ရေးဆွဲပြဋ္ဌာန်းနေသည်ကို ပြည်သူများလည်း သိရှိပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အနေအထားမျိုးတွင် နိုင်ငံတကာ၌ ကျင့်သုံးလေ့မရှိသေးသည့် တရားသူကြီးများ နေ့စဉ်ကျမ်းသစ္စာကျိန်ဆိုခြင်းသည် ပြည်သူများဘက်က ယုံကြည်ကိုးစားမှု မြင့်မားလာစေနိုင်သည်ဟု အဆိုပြုသကဲ့သို့ တစ်ဖက်မှ နိုင်ငံတကာ၏မျက်မြင်တွင် ရေးဆွဲပြဋ္ဌာန်းမည့် ကုန်သွယ်မှုဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော် စီရင်သုံးသပ်မည့် တရားသူကြီးများအပေါ်တွင် အယုံအကြည်တန်စေနိုင်မည့်ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာကျင့်စဉ်အတိုင်း စတင်တာဝန်ထမ်းဆောင်စဉ်က ကျမ်းသစ္စာကျိန်ဆိုခြင်းသည် တာဝန်ထမ်းဆောင်သည့် သက်တမ်းတစ်ခုလုံးအတွက် ပဋိညာဉ်ပြုရာရောက်သကဲ့သို့ ကျမ်းကျိန်ဆိုရာရောက်သည့်အတွက် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုရှင် ဦးစိုးမိုးက အဆိုကို အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၆၅ မဲ၊ ကန့်ကွက်မဲ ကိုးမဲ၊ ကြားနေမဲ သုံးမဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲတွင် ကပြဖျော်ဖြေကြမည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်အတွင်း လေ့လာ

**နေပြည်တော်　ဖေဖော်ဝါရီ ၈**

နေပြည်တော်၌ ကျင်းပမည့် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲတွင် ပါဝင်ကပြဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကချင်၊ ကယား၊ ကရင်နှင့် ချင်းတိုင်းရင်းသားများ၊ လော်ဝေါ်နှင့် ဂေးဘားမျိုးနွယ်စု ယဉ်ကျေးမှုအဖွဲ့များသည် တိရစ္ဆာန်ဥယျာဉ်(**ယာပုံ**)၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများနှင့် “ဝ”တိုင်းရင်းသားမျိုးနွယ်စု ယဉ်ကျေးမှုအဖွဲ့များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ လွှတ်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် Junction Center တို့ကို လည်းကောင်း အဖွဲ့နှစ်ဖွဲ့ ခွဲ၍ သွားရောက်လေ့လာကြသည်။

ယနေ့သွားရောက်လေ့လာမှုများနှင့်ပတ်သက်၍ ကယားတိုင်းရင်းသူ မမော်စေးမြာက “ဒီလိုလေ့လာလည်ပတ်ရတာ ပျော်ရွှင်မိပါတယ်။ ဗဟုသုတတွေလည်း အများကြီးရပါတယ်။ ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲအတွက် ရောက်နေတာဆိုတော့ လည်ပတ်ခွင့်ကတော့ နှစ်ရက်ရပါတယ်။ ဒီနှစ်ရက်အတွင်းမှာလည်း နေပြည်တော်ရဲ့အထင်ကရနေရာ တော်တော်များများကို လည်ပတ်ခွင့်ရပါတယ်။ လိုက်လံပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နေပြည်တော်ကို အရင်က မရောက်ဖူးသေးတော့ လေ့လာစရာတွေ၊ အပန်းဖြေစရာနေရာတွေ စုံအောင်လည်ပတ်ချင်ပါတယ်” ဟု ပြောသည်။

ထို့အတူ ကချင်တိုင်းရင်းသူ မကိုင်နူးသွေ့ခင်က “ဒီနေ့လည်ပတ်ရတာ ပျော်စရာကောင်းပါတယ်။ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်းတွေမှာ လေ့လာရတာ အထူးစိတ်ဝင်စားပါတယ်။ ပြည်ထောင်စုနေ့ ဂုဏ်ပြုပွဲမှာ ဖျော်ဖြေရမှာ ဖြစ်တဲ့အတွက်လည်း တိုင်းရင်းသားတစ်ဦးအနေနဲ့ ဂုဏ်ယူမိပါတယ်။ ပြည်ထောင်စုဂုဏ်ပြုဖျော်ဖြေပွဲကိုလည်း လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

**မျိုးသူဟိန်း**



ဓာတ်ပုံ - ကျော်ဇင်ထိုက်

# မြန်အောင်မြို့ မြန်အောင်ဘုံသာဘွဲ့ရ ရွှေဘုံသာစေတီတော်အား ထီးတော်အသစ်တင်လှူပူဇော်ရန် ထီးတော်ဟောင်းအား ရင်ပြင်ပေါ်သို့ပင့်ဆောင်ပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၈

**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မြန်အောင်ဘုံသာဘွဲ့ရ ရွှေဘုံသာစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့မှာ ကြံ့ခိုင်မှု အားနည်းနေသဖြင့် ထီးတော်သစ်တင်လှူပူဇော်ရန်အတွက် ထီးတော်ဟောင်းအား ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။** (ယာပုံ)

အခမ်းအနားသို့ ဆရာတော်သံဃာတော်များ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ၊ အလှူရှင် ဒေါက်တာခင်ရွှေတို့ တက်ရောက်ကာ ထီးတော်ဟောင်းအား ရင်ပြင်ပေါ်သို့ပင့်ဆောင်ပြီး ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆရာတော်ကြီးများ၏ သြဝါဒခံယူ**

ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ထီးတော်ဟောင်းအား ရင်ပြင်တော်ပေါ် သို့ ပင့်ဆောင်ပူဇော်ခြင်းကို မြန်အောင်မြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုန္ဒာသုဘ ဆရာတော်ကြီးနှင့် သံဃာဦးသျှောင် ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ဒုတိယ ကျိုက်ထီးဆောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပက ကြီးကြပ်ဆောင်ရွက်သည်။

ရွှေဘုံသာစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံမှုများအား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာမိသားစု)က ပဓာနဒါယကာပြုကာ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် မြန်အောင်မြို့ရှိ မြန်အောင် ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ဘိုးဘွားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

**ထောက်ပံ့လှူဒါန်း**

မြန်အောင်ဘိုးဘွားရိပ်သာတွင် လိုအပ်လျက်ရှိသော ရေပူစက်နှင့် အိပ်ဆောင်များတွင် လေအေးပေးစက်များ တပ်ဆင်ရန် ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေက လှူဒါန်းသွားမည်ဖြစ်ပြီး ဇေကမ္ဘာကုမ္ပဏီမိသားစုမှ ရိပ်သာဝန်ထမ်း စရိတ်တစ်လလျှင် ငွေကျပ် ၁၃ သိန်းနှုန်းဖြင့် ၁၀ နှစ်စာ ငွေကျပ် သိန်း ၁၅၆၀ နှင့် ဝါဝါဝင်းကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၅၀၀ ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်အောင်မြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တဲကြီးကုန်း-တာဂွ ကျေးရွာရှိ စနစ်တကျ လယ်ယာမြေ ဖော်ထုတ်မည့် ဧက ၂၂၀ သို့ သွားရောက်ရာ စက်မှုလယ်ယာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသော တောင်သူလယ်သမားများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**မင်းသစ် (MNA)**



# တောင်နဝင်းတမံထိပ်ပြင် ကန့်လန့်ဖြတ် အက်ကြောင်းတစ်ခုဖြစ်ပေါ်

# ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များနှင့်မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မရေလှောင်တမံ၏ထိပ်ပြင်တွင် လျှောင်လှုပ်ခတ်မှုများကြောင့် ကန့်လန့်ဖြတ် အက်ကြောင်းတစ်ခုဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

" မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီရဲ့ ကနဦးစစ်ဆေးမှုတွေအရ စိုးရိမ်ဖွယ်ရာမရှိပါဘူး။ ဆည်ကျိုးတယ်ဆိုပြီး ထွက်ပေါ်နေတဲ့ သတင်းတွေကလည်း ကောလာဟလတွေ ဖြစ်ပါတယ် " ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ပြောသည်။

ထပ်မံ၍ ၎င်းက "တမံထိပ်အက်ကြောင်းစတင်ဖြစ်ပေါ်တဲ့နေ့ကစပြီး အက်ကြောင်းအတိုင်းအတာပမာဏ ပြောင်းလဲလာမှု ရှိ၊ မရှိ၊ တမံထိပ်မျက်နှာပြင်နိမ့်ကျပြောင်းလဲလာမှု ရှိ၊ မရှိ၊ တမံကိုယ်ထည် ရွေ့လျားမှု (Dam Body Displacement) ရှိ၊ မရှိတို့ကို ဌာနက ၂၄ နာရီ အချိန်ပြည့် စောင့်ကြည့်တိုင်းတာစစ်ဆေးလျက်ရှိပါတယ်။ တမံကိုယ်ထည်နဲ့ အောက်ခံအုတ်မြစ်အခြေအနေတွေကို ဘူမိရူပဗေဒဆိုင်ရာ ပုံရိပ်ဖမ်းခြင်းနည်းပညာ၊ စမ်းသပ်လွန်တွင်းများတူးဖော်ပြီး မြေသိပ်သည်းဆစစ်ဆေးတဲ့နည်းလမ်း၊ စမ်းသပ်မြေတွင်းများတူးဖော်ခြင်း၊ စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းတွေကိုအချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

တောင်နဝင်းပင်မရေလှောင်တမံတွင် ဖေဖော်ဝါရီ ၈ ရက်က တမံ၏ ပေတိုင် ၆၀၀၀ မှ ပေ ၆၁၀၀ အကြား တမံထိပ်ပြင်တွင် အလျား ပေ ၁၀၀ ခန့်၊ အနက် သုံးပေခန့်၊ အကျယ် သုံးလက်မခန့်ရှိသည့် ကန့်လန့်ဖြတ် အက်ကြောင်းတစ်ခုဖြစ်ပေါ်ခဲ့ရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာပညာရှင်များ၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ အင်ဂျင်နီယာပညာရှင်များနှင့် ဂျပန်အတိုင်ပင်ခံပညာရှင်တို့က မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်နဝင်းပင်မရေလှောင်တမံတွင် ဖြစ်ပေါ်နေသည့် ကန့်လန့်ဖြတ်အက်ကြောင်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၅ ရက်က ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ၌ ဗဟိုပြု၍ အင်အား ၃ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့၏ မြောက်ဘက် ခြောက်မိုင်ခန့်အကွာ၌ဗဟိုပြု၍ အင်အား ၅ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ရေလှောင်တမံအနီးဗဟိုပြု၍ အင်အား ၄ ဒသမ ၅ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်း၊ ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့၏ အရှေ့ဘက် ၁၃ မိုင်ခန့် အကွာ၌ ဗဟိုပြု၍ အင်အား ၃ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်းများ၏ သက်ရောက်မှုကြောင့် တမံအောက်ခြေအုတ်မြစ် ကျောက်သားတွင် လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ပြီးတမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း၌ အက်ကြောင်းဖြစ်ပေါ်ရခြင်း ဖြစ်နိုင်ကြောင်း ပညာရှင်များ၏ မြေပြင်ကွင်းဆင်းစစ်ဆေးမှု သုံးသပ်ချက်များအရ သိရသည်။

တောင်နဝင်းရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ စိစစ်ပြီး ဆည်ရေသောက်ရေယာ ၅၇၂၅၈ ကေခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းစီမံလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

**သတင်း၊ ဓာတ်ပုံ-မင်းသစ်(MNA)**



**ဖေဖော်ဝါရီ ၈ ရက်က ဂျပန်ဘူမိဗေဒ ပညာရှင်နှင့် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးစဉ်။**

# အပြည်ပြည်ဆိုင်ရာ လေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ဧပြီလမှ ၂၀၁၈ ဇန်နဝါရီလအထိ | | | ၂၀၁၈ ဧပြီလမှ ၂၀၁၉ ဇန်နဝါရီလအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| ၄ | ဇူလိုင် | ၃၃၄၉၈ | ၂၀၆၃၄ | ၅၄၁၃၂ | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ |
| ၅ | ဩဂုတ် | ၃၄၆၀၄ | ၁၈၉၂၂ | ၅၃၅၂၆ | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ |
| ၆ | စက်တင်ဘာ | ၃၀၆၉၃ | ၁၉၂၈၃ | ၄၉၉၇၆ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ |
| ၇ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၂၀၀၅ | ၇၃၆၅၂ |
| ၈ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၉ | ဒီဇင်ဘာလ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၁၀ | ၂၀၁၈ ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| | စုစုပေါင်း | ၄၂၃၀၄၀ | ၂၀၀၁၈၁ | ၆၂၃၂၂၁ | ၄၈၈၂၁၄ | ၂၀၃၀၉၈ | ၆၉၁၃၁၂ |

# အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာ လေဆိပ်များ နှင့် နယ်စပ်ဝင်/ ထွက်ပေါက်များ | ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ | | ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၄၆၇၇၄ | ၁၆၈၀၄ | ၆၀၅၃၃ | ၁၄၇၉၃ | |
| ၂ | မန္တလေးလေဆိပ် | ၉၉၆၃ | ၂၆၃၇ | ၂၂၂၃၇ | ၂၇၃၁ | |
| ၃ | နေပြည်တော်လေဆိပ် | ၂၀၉ | ၄၃၁ | ၂၂၂ | ၂၆၂ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | - | - | |
| ၅ | တာချီလိတ် | ၄၅၇ | ၁၆၀ | ၆၆၆၉ | ၁၀၆ | |
| ၆ | မြဝတီ | ၁၇၂၈ | ၃၂၁ | ၁၈၄၁ | ၆၇၇ | |
| ၇ | ကော့သောင်း | ၁၇၀၉ | ၁၀၇ | ၇၉၇ | ၅၅ | |
| ၈ | ထီးခီး | ၁၆၇ | ၂၅ | ၁၁၇ | ၂၆ | |
| ၉ | မူဆယ် | ၁၁၆ | ၀ | ၇၀၃ | ၃၇ | |
| ၁၀ | တမူး | ၀ | ၀ | ၆ | ၂ | |
| | စုစုပေါင်း | ၆၁၁၂၃ | ၂၀၄၈၅ | ၉၃၁၂၅ | ၁၈၆၈၉ | |

# မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပြည်သိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဃ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ) နှင့် (တ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်း နယ်ပယ်၊ စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်းလုပ်ငန်း နယ်ပယ်နှင့် စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန်ကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင် သို့မဟုတ် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်း ဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင်ကို ဆိုသည်။

(ဍ) **အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူ အဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) လက်အောက်ခံကုမ္ပဏီအား စာရင်းစစ်ဆေးခြင်း အပါအဝင် ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ဆေးခြင်းလုပ်ငန်း၊

(၂) ဘဏ္ဍာရေးဆိုင်ရာ (မှုခင်းအပါအဝင်) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း၊

(၃) ဘဏ္ဍာရေးအခြေအနေ သုံးသပ်ခြင်းလုပ်ငန်း၊

(၄) စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ် သုံးသပ်ခြင်းလုပ်ငန်း၊

(၅) လွတ်လပ်သည့် ဌာနတွင်း စာရင်းစစ်ဆေးခြင်း အပါအဝင် သဘောတူညီထားသည့် အစီအစဉ်အတိုင်း စစ်ဆေးခြင်းလုပ်ငန်း၊

(၆) စာရင်းဖော်ပြချက်၊ ကြေညာချက်၊ လုပ်ငန်းအလားအလာ ညွှန်းတမ်း၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ လက်မှတ် သို့မဟုတ် ပုံစံတွင် ပြင်ပစာရင်းစစ်အဖြစ် ထောက်ခံလက်မှတ်ရေးထိုးခြင်း လုပ်ငန်း။

(ပ) **စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခ ရယူသည်ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊ စာရင်းရေးဆွဲပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။"

(ဏ) **အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်း စာရင်းစစ်၊ အစိုးရစာရင်းစစ် စသည်ဖြင့် စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောင်စီက ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုသည့် စာရင်းပညာ၊ စာရင်းပညာနှင့် ဆက်စပ်သည့် ပညာရပ်များ သင်ကြားသည့် သင်တန်းကျောင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဖ)၏ နောက်တွင် ပုဒ်မခွဲ (ဗ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဗ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကို လည်းကောင်း ဆိုသည်။"

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ)၊ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ်ထားချက်အရ အတည်ပြုချက်မလိုဘဲ ဆောင်ရွက်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် အပြန်အလှန်အသိအမှတ်ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ချုပ်ဆိုခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့်လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေး အစီအစဉ်နှင့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် ချမှတ်ပြဋ္ဌာန်းနိုင်ရန်နှင့် အသင်းသားများ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာဆိုင်ရာ သတ်မှတ်ချက်များကို ပြဋ္ဌာန်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြ ခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့မှ တောင်းခံလာသော စာရင်းနှင့် စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊"

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ အခန်း (၈) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"အခန်း (၈)**
**ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် သင်တန်းများ"**

၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၂၉ အရ ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။"

၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၆ ၏ ခြေဆင်း၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ ၏ ခြေဆင်းနှင့် ပုဒ်မ ၃၆ တို့တွင်ပါရှိသော "ကောင်စီ" ဆိုသည့် စကားရပ်ကို "ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၈ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ ပုဒ်မ ၂၇ နှင့်အညီ အသိအမှတ်ပြုထားသည့် ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သည်-"

၈။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ (က) ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို နိုင်ငံသားများသာ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီသည် ဒီပလိုမာ စာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းနှင့်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းကိုင်သင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုနိုင်သည်။"

၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၂။ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းတွင်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင် သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ် လုပ်ကိုင်လိုသူသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။"

၁၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၅။ ကောင်စီသည် အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်နှင့် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်း နယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် အစိုးရနှင့် လည်းကောင်း၊ ပုဂ္ဂလိကဌာန အဖွဲ့အစည်းနှင့်လည်းကောင်း နှစ်စဉ် ညှိနှိုင်းဆောင်ရွက်ရမည်။"

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၅-က။ ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်း လုပ်ကိုင်သူများသည် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လိုအပ်ချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ညှိနှိုင်းလာပါက လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးနိုင်သည်။"

၁၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူနှင့် ကောင်စီက သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းကို လုပ်ကိုင်ခွင့်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။"

၁၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၅၀ တို့တွင် ပါရှိသော **"အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း"** ဆိုသည့် စကားရပ်ကို **"အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်း နယ်ပယ်"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၆၈ ၏ ခြေဆင်းနှင့် ပုဒ်မ ၈၂ တို့တွင် ပါရှိသော "မြန်မာနိုင်ငံစာရင်းစစ် စံပြဋ္ဌာန်းချက်များပါ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဌ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဌ) နိုင်ငံသားများသာ လုပ်ခွင့်ရှိသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှု ပေးသည့် လုပ်ငန်းအမည်ကို နိုင်ငံခြားအဖွဲ့အစည်း၏ အမည် သို့မဟုတ် အမှတ်တံဆိပ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော် လည်းကောင်း၊ ဆင်တူရိုးမှားသော်လည်းကောင်း၊ တစ်စိတ် တစ်ဒေသသော်လည်းကောင်း အသုံးပြုခြင်း။"

၁၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"၈၃။ မည်သူမျှ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ပါ လုပ်ငန်းများနှင့် စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ။"

၁၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၇ ၏ နောက်တွင် ပုဒ်မ ၈၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၇-က။ မည်သူမျှ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်အတိုင်း မှတ်ပုံတင်ခြင်းမရှိဘဲ သင်တန်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။"

၁၈။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၈၈ ၏ နောက်တွင် ပုဒ်မ ၈၈-က နှင့် ပုဒ်မ ၈၈-ခ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၈၈-က။ စာရင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမျှ မမှန်ကန်သည့် ဘွဲ့ သို့မဟုတ် လက်မှတ်ကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးစွဲခြင်း မပြုရ။

၈၈-ခ။ မည်သူမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်း မပြုရ။"

၁၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၉၄ ၏ နောက်တွင် ပုဒ်မ ၉၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၉၄-က။ မည်သူမဆို ပုဒ်မ ၈၇-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် ၁၀ သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၅ ပါ "မည်သူမဆို ပုဒ်မ ၈၈ပါ ပြဋ္ဌာန်းချက်ကို" ဆိုသည့် စကားရပ်ကို "စာရင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၈၈ သို့မဟုတ် ပုဒ်မ ၈၈-က ပါ ပြဋ္ဌာန်းချက်ကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၂၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၅ ၏နောက်တွင် ပုဒ်မ ၉၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၉၅-က။ မည်သူမဆို ပုဒ်မ ၈၈-ခ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ကောင်စီသည် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းသည့် ငွေကြေးပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံ၍ သတ်မှတ်ချက်များအရ စီမံဆောင်ရွက်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ခွေးကိုက်လူနာများကို ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပြီး ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူလူနာဦးရေ လျော့ကျလာလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ခွေးရူးပြန်ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုအဆင့်ဆေးရုံများသို့ ဖြန့်ဖြူး၍ ခွေးကိုက်လူနာများကို အခမဲ့ထိုးနှံပေးလျက်ရှိသည့်အတွက် ၂၀၁၁ ခုနှစ်ပိုင်းတွင် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ လူနာဦးရေ ၂၄၅ ဦးခန့် ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၇၈ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၇၀ အထိ လျော့ကျလာကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်၏ စာရင်းများအရ သိရသည်။

**အခမဲ့ထိုးနှံပေး**

ခွေးကိုက်လူနာများကို ထိုကဲ့သို့ အခမဲ့ထိုးနှံပေးရာတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး (Anti-Rabies Vaccine) ကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ ခွေးရူးပြန်ရောဂါကာကွယ်သည့် ပဋိပစ္စည်းများ (Rabies Immunoglobulin) များကို ၂၀၁၄ ခုနှစ်တွင် လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စတင်ကာ အခမဲ့ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ပေးပို့လာသည့် စာရင်းဇယားများအရ မြန်မာတစ်နိုင်ငံလုံးတွင် ခွေးကိုက်ခံရသူလူနာဦးရေသည် ၂၀၁၇ ခုနှစ်တွင် ၁၈၀၃၆၇ ဦးခန့်နှင့် ၂၀၁၈ ခုနှစ်တွင် ၁၉၂၆၁၉ ကျော်ခန့်ရှိကြောင်း သိရသည်။

"စာရင်းဇယားတွေအရ နှစ်အလိုက် ကျန်းမာရေးဌာနတွေကို လာရောက်ကုသမှုခံယူကြတဲ့ ခွေးကိုက်လူနာဦးရေဟာ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာပေမယ့် စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်ရဲ့စာရင်းတွေအရ ခွေးရူးပြန်ရောဂါနဲ့ သေဆုံးသူလူနာဦးရေဟာ ၂၀၁၁ ခုနှစ်မှာ ၂၄၅ ဦး၊ ၂၀၁၂ ခုနှစ်မှာ ၁၈၆ ဦး၊ ၂၀၁၃ ခုနှစ်မှာ ၁၉၄ ဦး၊ ၂၀၁၄ ခုနှစ်မှာ ၁၅၂ ဦး၊ ၂၀၁၅ ခုနှစ်မှာ ၉၈ ဦး၊ ၂၀၁၆ ခုနှစ်မှာ ၉၉ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၇၈ ဦးနဲ့ ၂၀၁၈ ခုနှစ်မှာ ၇၀ သေဆုံးမှုရှိခဲ့တဲ့အတွက်




ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူဦးရေဟာ နှစ်အလိုက်လျော့ကျလာပါတယ်။

"ဒီလိုထိုးနှံပေးရာမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်ထားတဲ့ ထိတွေ့မှုအဆင့်တွေ(Category of Exposure) အတိုင်း ထိုးနှံနိုင်ဖို့အတွက် Guideline တွေ၊ Standard Operating Procedure (SOP) တွေပြုစုပြီးတော့ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေ၊ ဗဟိုအဆင့်ဆေးရုံကြီးတွေအပြင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေ၊ မြို့နယ်ဆေးရုံတွေနဲ့ တိုက်နယ်ဆေးရုံတွေအထိ ဖြန့်ဝေထားပါတယ်။ ဒီ Guideline နဲ့ SOP တွေအတိုင်း လိုက်နာဆောင်ရွက်ပေးဖို့လည်း ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာ ထွန်းတင်က ပြောကြားသည်။

**ဖြန့်ဖြူးပေးလျက်ရှိ**

ယခုကဲ့သို့ ဖြန့်ဖြူးပေးလျက်ရှိသော ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများနှင့် ခွေးရူးပြန်ရောဂါကာကွယ်သည့် ပဋိပစ္စည်းများကို အဓိကအားဖြင့် ခွေးကိုက်ခံရပြီးနောက် ကာကွယ်ကုသခြင်းအတွက်သာ ပံ့ပိုးပေးလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများသို့ တစ်နှစ်လျှင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး အလုံးရေ ၄၀၀၀၀၀ ဝန်းကျင်နှင့် ခွေးရူးပြန်ရောဂါကာကွယ်သည့် ပဋိပစ္စည်း အလုံးရေ ၃၀၀၀၀ ခန့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"လူတစ်ယောက် ခွေးကိုက်ခံရပြီဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ ထုတ်ပြန်ထားတဲ့ ထိတွေ့မှုအဆင့်တွေအပေါ်မူတည်ပြီး အသုံးပြုမယ်ဆိုရင် လူနာတစ်ဦးကို အနည်းဆုံး ကုန်ကျငွေကျပ် ၂၄၀၀၀ ကနေ ၁၁၄၀၀၀ ခန့်အထိ ကုန်ကျနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသော ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါ ပပျောက်ရေး ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်များတွင် ခွေးများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို One Health Strategy အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပါဝင်လုပ်ဆောင်ကြသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများကို လိုအပ်သော ကြိုတင်ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါ ပပျောက်နိုင်ရေးအတွက် One Health Approach လုပ်ဆောင်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ National One Health Strategic Framework (မူကြမ်း) ကို ရေးဆွဲနိုင်ခဲ့ပြီး အပြီးသတ်အတည်ပြုနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှင်မင်း**

## ရတနာပုံတက္ကသိုလ်၌ ပြည်သူ့နီတိ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၈**

မြန်မာစာရေးဆရာကလပ်၊ ပြည်သူ့နီတိ ပြန့်ပွားထွန်းကားရေးကော်မတီ၏ စီစဉ်မှု၊ ပညာရေးဝန်ကြီးဌာနနှင့် Royal Myanmar Teamix တို့၏ ကူညီမှုဖြင့် ပြည်သူ့နီတိ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာ စီစီခင်၊ ဒေါက်တာ တင့်မိုးသူဇာ၊ ဘာသာရပ်ဌာနအသီးသီး၏ ပါမောက္ခ (ဌာနမှူး) များ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စီစီခင်က အမှာစကားပြောကြားပြီး ဆရာ မောင်သာချို့နှင့် ဒါရိုက်တာ ကြည်စိုးထွန်းတို့က ပြည်သူ့နီတိဆိုင်ရာ အသိပညာဗဟုသုတများကို ဟောပြောပို့ချသည်။ ထို့အပြင် မြန်မာစာရေးဆရာကလပ်၊ ပြည်သူ့နီတိ ပြန့်ပွားထွန်းကားရေးကော်မတီ၏ စီစဉ်မှုဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပြည်သူ့နီတိ အသိပညာပေးဟောပြောမှုအစီအစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေဇင်ထား(ဥပဒေ)၊ ဓာတ်ပုံ-ဝေမိုးထွန်း**



## ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မောင်မယ်သစ်လွင် ကြိုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၈**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ ပထမနှစ် ဘီဒီအက်စ် (၁၂/၂၀၁၈) သင်တန်း ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ယင်းတက္ကသိုလ်၏ ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဆုရကျောင်းသား ကျောင်းသူ ၉၅ ဦးအား ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်ဌာနမှူးများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ကာတွန်း




## မကွေးတိုင်းဒေသကြီး အထူးကုန်စည်ခွန် အခွန်အမှတ်တံဆိပ်ဆိုင်ရာ ရှင်းလင်းသရုပ်ပြ

**မကွေး ဖေဖော်ဝါရီ ၈**

ပြည်တွင်းအခွန်များဦးစီးဌာန မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၏ အထူးကုန်စည်ခွန် အခွန်အမှတ်တံဆိပ်ဆိုင်ရာ ရှင်းလင်းသရုပ်ပြဆွေးနွေးပွဲကို ယမန်နေ့က မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ဒုတိယတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးမျိုးမင်းဇော်က အမှာစကားပြောကြားပြီး အထူးကုန်စည်ဖြစ်သော ပြည်တွင်းထုတ် အရက်၊ ဆေးပေါ့လိပ်နှင့် စီးကရက် ကုန်စည်များအပေါ်တွင် ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်များ ကွင်းဆင်းစစ်ဆေးရာတွင် စိစစ်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ဦးစီးအရာရှိ ဦးစိုးကျော်လင်းက ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ထွေးက အထူးကုန်စည်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ရှင်းလင်းဆွေးနွေးပြီး ဒုတိယတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးမြင့်ထွန်းက မြို့နယ်များအား လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မိုးကိုကို (အောင်လံ)**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နေပြည်တော် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ သုံးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ထူးချွန်သည့် ဂေါက်သီးရိုက်ကစားသမားများကို မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က နိုင်ငံတကာပွဲများအထိ ယှဉ်ပြိုင်နိုင်အောင် ပံ့ပိုးကူညီပေးနေကြောင်း ရန်ကုန်မြို့ ၉ မိုင် မြန်မာဂေါက်ကလပ်၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂေါက်သီးရိုက်ဆုပေးပွဲ အခမ်းအနားတွင် ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးသီဟက ပြောကြားသည်။

“ကျွန်တော်တို့ အခုတိုင်းဒေသကြီးနဲ့ ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ထူးချွန်တဲ့ ကစားသမားတွေကို စိစစ်ပြီး လက်ရွေးစင်အဆင့်အထိ လေ့ကျင့်ပေးသွားမှာ ဖြစ်တယ်။ ဒါ့အပြင် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲဝင်နိုင်တဲ့အထိ ကစားသမားတွေကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။



**အမျိုးသမီးတံခွန်စိုက်ဆုရရှိသော ရှမ်းပြည်နယ်အသင်းအား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က ဆုချီးမြှင့်စဉ်။**

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက် အကျောပေး အကျော့မဲ့ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးတံခွန်စိုက်ဆုရ ရှမ်းပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုရ ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က လည်းကောင်း၊ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးတစ်ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးသီဟက လည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမား ၉၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**

◆ *ကျောဖုံးမှ*

ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြင်ဆင်မှုများစွာ ပြုလုပ်ပေးနေခြင်းဖြစ်သည်။ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(ခ)ကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၊ အုပ်စု(က)ကို လာအိုနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေပြီး အုပ်စုတစ်ခုလျှင် နှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-**ဒေါက်တာအောင်ကျော်ဦး၊ **နည်းစနစ်အကြံပေး-**ဦးအေးမောင်ကြီး၊ **နည်းပြချုပ်-**ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြ-**ဒေါ်နွယ်နွယ်တိုး၊ **ဂိုးနည်းပြ-**ဒေါ်မေခင်ယမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား-**ပိုးဥ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး၊ **နောက်တန်း-**နော်လာအယ်ဝါ၊ ဝင်းဝင်းလဲ့၊ ဖြူဖြူဝင်း၊ ဆောင်းနှင်းဖွေး၊ ကေကေ၊ မေသက်မွန်မြင့်၊ မေသွေးကို၊ မေသူခိုင်၊ **အလယ်တန်း-**သန်းသန်းစိုး၊ ပွံ့ပွံ့ပြည့်မောင်၊ ဝင်းဝင်း၊ ဝေဖူးအိမ်၊ ဂျူလိုင်ချာ၊ ရတနာဦး၊ နှင်းပွင့်အေး၊ ဇင်မာထွေး၊ **ရှေ့တန်း-**မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ရွှေဇင်မင်းတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ဖေဖော်ဝါရီ ၈ ရက်က ဩစတြေးလျနိုင်ငံသို့ ထွက်ခွာသွားသည်။

**ညီမြတ်သော်တာ**

# ထိုင်းနိုင်ငံတွင် အရေးယူခံကြရသည့် မြန်မာရွှေ့ပြောင်းလုပ်သားများအား တာချီလိတ်မြို့သို့ လွှဲပြောင်း

**တာချီလိတ် ဖေဖော်ဝါရီ ၈**

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးအရေးယူခံကြရသည့် မြန်မာရွှေ့ပြောင်းလုပ်သား ၄၆ ဦးအား ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ တာဝန်ရှိသူများက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ် ၂ တွင် လာရောက်လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ-CNCMC တို့မှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံကြပြီး နေရပ်ဒေသအသီးသီးသို့ ချောမွေ့လွယ်ကူစွာ ပြန်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ လွှဲပြောင်းလာသည့် ရွှေ့ပြောင်း မြန်မာအလုပ်သမားများမှာ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၈ ဦး၊ ကလေး လေးဦးတို့ဖြစ်ပြီး အဆိုပါ ရွှေ့ပြောင်း မြန်မာအလုပ်သမားများအား CNCMC ကော်မတီ၏ အစီအစဉ်ဖြင့် ဦးအောင်နိုင်+ ဒေါ်နန်းကျဲန်ခမ်း(1G1-7 ဟိုတယ်) မှ ညနေစာ၊ မဇ္ဈိမလူမှုရေးအသင်း တို့မှ အအေးတို့ဖြင့် အာဟာရဒါန ပြုကြကြောင်း သိရသည်။ **မောင်ယဉ်ကျေး**


ဝက်သက်ရောဂါအန္တရာယ်ကနေ
သင့်ကလေးကို
ကာကွယ်ထားပြီလား

- ရန်ကုန်တိုင်းဒေသကြီးက မြို့နယ် (၇) မြို့နယ်မှာ ဝက်သက်ရောဂါ ကူးစက်ပျံ့နှံ့နေပါတယ်။ ကာကွယ်ဆေး ထိုးမထားတဲ့ အသက် (၁၅)နှစ် အောက် ကလေးလူငယ်တွေမှာ အများဆုံး ဖြစ်ပွားနေပါတယ်။
- အသက်ရှူလမ်းကြောင်းကနေတဆင့် ကူးစက်ပြီး အလွန်ကူးစက်မြန်တဲ့ ရောဂါ ဖြစ်ပါတယ်။
- ဝက်သက်ရောဂါဖြစ်ရင် ဖျားတာ၊ နှာစေး/ချောင်းဆိုးတာ၊ မအီမသာဖြစ်တာနဲ့ မျက်စိနာတာမျိုးတွေ ဖြစ်နိုင်ပြီး (၂)ရက်ကနေ (၄)ရက်လောက်အတွင်း ခန္ဓာကိုယ်မှာ အနီစက်တွေ ထွက်လာပါတယ်။
- ဝက်သက်ရောဂါဖြစ်တဲ့သူ အယောက် (၁၀၀) မှာ (၃၀) လောက်က ပြင်းထန်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေဖြစ်တဲ့ ပြင်းထန်အဆုတ်ရောင်တာ၊ ဝမ်းလျှောပြီး ရေဓာတ် အလွန်အမင်း ဆုံးရှုံးတာနဲ့ နားအလယ်ခန်းရောင်တာတွေ ဖြစ်နိုင်ပါတယ်။
- ဝက်သက်ရောဂါဖြစ်တဲ့သူ အယောက် (၁၀၀) မှာ (၃)ယောက်ကနေ အယောက် (၃၀)လောက် အထိက သေဆုံးနိုင်ပါတယ်။

ကာကွယ်ဆေးထိုးထားခြင်း တစ်မျိုးတည်းကသာ
ဝက်သက်ရောဂါကို ကာကွယ်နိုင်ပါတယ်။
ဒါကြောင့် ကာကွယ်ဆေးထိုးပေးပြီး
သင့်ကလေးကို ဝက်သက်ရောဂါကနေ ကာကွယ်ထားပါ။

✳ *ကျောဖုံးမှ*

ဒုတိယအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသည့် ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန် စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲသို့ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် အိန္ဒိယကို နှစ်ဂိုး-တစ်ဂိုး၊ ဘင်္ဂလားဒေ့ရှ်ကို ငါးဂိုးပြတ်ဖြင့် အနိုင်ရကာ နီပေါအသင်းနှင့် တစ်ဂိုးစီသရေကျပြီး အုပ်စုပထမဖြင့် တက်ရောက်လာခြင်းဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပြီး ဒုတိယအဆင့်ကိုပါ မြန်မာနိုင်ငံအနေဖြင့် ထပ်မံကျင်းပခွင့်ရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အိန္ဒိယ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပမည့် အာရှအဆင့်ပြိုင်ပွဲများမှ ခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်၊ အာရှ ယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲကို ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ၊ အိုလံပစ်အမျိုးသမီး ခြေစစ်ပွဲကို ဧပြီ ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအားလုံးကို မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အအုံ ပန္နက်တင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ရင်ခွင့်မဲ့ ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)က တည်ဆောက်လှူဒါန်းမည့် ရင်ခွင်မဲ့ကလေးငယ်များပြုစုစောင့်ရှောက်ရန်အတွက် ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်-စုစည်းသည်**

## မြန်မာစာပေနှင့် ဘာသာစကားအရေး ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့စာပေဗိမာန်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်နှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့ စီစဉ်သည့် မြန်မာစာပေနှင့် မြန်မာဘာသာစကားအဝေးမြင် အနီးမြင်အမည်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် **(စနေနေ့)** မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**ပထမဆုံးစီစဉ်တဲ့ ဟောပြောပွဲ**

“နိုင်ငံခြားတက္ကသိုလ်တွေမှာ မြန်မာစာပေဆိုင်ရာနဲ့ ဘာသာစကားသိပ္ပံဆိုင်ရာ ပါမောက္ခ၊ ဧည့်ပါမောက္ခ သုံးဦးက မြန်မာစာပေနှင့် မြန်မာဘာသာစကားဆိုင်ရာ ဟောပြောမှာ ဖြစ်ပါတယ်။ ဟောပြောမယ့် ပညာရှင်သုံးဦးက ဦးစောထွန်း(စောလူ)၊ ဒေါက်တာသိန်းထွန်းနဲ့ ဒေါက်တာကိုလေးတို့ ဖြစ်ပါတယ်။ စာပေဗိမာန်နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းတို့ ပထမဆုံးစီစဉ်တဲ့ ဟောပြောပွဲဖြစ်ပါတယ်”ဟု ယင်းအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ ဦးသန်းအုန်းက ပြောသည်။

**မည်သူမဆို တက်ရောက်နိုင်**

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်း၏ အင်္ဂလန်တိုက်စစ်ကစားသမား ရပ်ရှ်ဖို့ဒ် (၂၁ နှစ်)သည် စာချုပ်သစ်နှင့်ပတ်သက်ပြီး မန်ယူအသင်းနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ အဆိုပါသက်တမ်းတိုးစာချုပ်တွင် တစ်ပတ် ပေါင်နှစ်သိန်း ရရှိလိမ့်မည်ဖြစ်ကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်နှင့် အာဆင်နယ်အသင်းတို့သည် မိုချန်ဂလာဘတ်အသင်းမှ ဂျာမနီဗဟိုခံစစ်ကစားသမား မက်သီးယက်စ်ဂျင်တာ (၂၅ နှစ်)ကို စောင့်ကြည့်လျက်ရှိနေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။
- မန်ယူနည်းပြဟောင်း မော်ရင်ညိုသည် အီတလီကလပ် အင်တာမီလန်အသင်းအား ဒုတိယအကြိမ်ကိုင်တွယ်ရေးနှင့်ပတ်သက်ပြီး အင်တာမီလန်ဒါရိုက်တာ မာရော့တာနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း မေရာတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ဗဟိုခံစစ်ကစားသမား သုံးဦးဖြစ်သော ကော်လီဘာလီ (၂၇ နှစ်)၊ ဆကရီနီရာ(၂၃ နှစ်)နှင့် ဆမ်ဒိုးရီးယားအသင်းမှ အန်ဒါဆင်တို့အား ခေါ်ယူရန် စိတ်ဝင်စားနေသေးကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။
- ချယ်လ်ဆီးအသင်းသည် ဟာဇက် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားပါက ၎င်း၏နေရာကို အစားထိုးရန်အတွက် ဘာစီလိုနာအသင်းမှ ဘရာဇီးကစားသမား ကော်တင်ဟို (၂၆နှစ်)၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း အင်ဒီပင်းဒန့်၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းသည် သက်တမ်းတိုးစာချုပ်နှင့်ပတ်သက်ပြီး ဟာရဲရားနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ မန်ယူအသင်းတွင် ဆက်လက်နေလိုကြောင်း၊ အသက် (၂၉ နှစ်)အရွယ် စပိန်ကွင်းလယ်ကစားသမား၏ လက်ရှိ မန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည် နွေရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- အာဆင်နယ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည့် ကစားသမားမှာ ဂျန်ခ်တောင်ပံကစားသမား ထရိုဆတ်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၉-၂-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - Weekly Sport Info
၈း၃၅ - ပြည်သူ့အတွက် ဥပဒေ စကားဝိုင်း "နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် ဥပဒေ"
၉း၂၀ - News Watch TV
၁၀း၃၀ - လုံမမှတ်စု (၇၄)
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ " (အပိုင်း-၁၈) " အရိပ်အယောင်လူ သတ်သမား "(တတိယပိုင်း)
၁၄း၂၀ - ဟိုတုန်းက... ကက်ဆက်ဇာတ်လမ်းများ " ကြောင်မလေးက ဗေဒင်တွက်လို့ ကျားကြီးက အနားမှာငို"(စောမြတ်နိုး၊ ဘလိတ်၊ ထက်နေချမ်း၊ ငြိမ်းဖြူ၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း)
၁၅း၄၀ - " ပြည်ထောင်စုထဲက ထာဝရ အလှများတည်ရှိရာ "(ရခိုင်)

**ညပိုင်း**

၁၆း၄၅ - "ရွှေအင်းတော်မှ တောင်ပေါ်ပင်လယ် "
၁၇း၀၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇း၂၀ - "မြန်မာနိုင်ငံကလေးများနေ့ (ဗိုလ်ချုပ်မွေးနေ့) ဂုဏ်ပြုအစီအစဉ်"
၁၈း၂၅ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၆၄)
၂၀း၃၅ - "ရာဇဝင်ထဲကသမိုင်း အနုပညာ"(ရှေးမြန်မာ အုတ်ကျောင်းတော်ကြီးများ) (ယောမင်းကြီးကျောင်းတိုက်)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အမှန်တရားရဲ့ဘက်တော်သား ICACအဖွဲ့သားများ " (အပိုင်း- ၂)
- ပြည်သူ့နီတိ " အမြင့်ပျံငှက်"

# ကုန်းကြမ်းမြို့နယ်၌ ဘိန်းဖြူမှုန့် ၃၂ ဒသမ ၅ ကီလိုဂရမ်၊ အိုက်စ် ၁ ဒသမ ၅ ကီလိုဂရမ်၊ စိတ်ကြွဆေးပြားအမှုန့် ၁၁ ဒသမ၄ ဂရမ်၊ ဘိန်းကြမ်းမှုန့် ၁၄ ကီလိုဂရမ်နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် ကုန်းကြမ်းမြို့နယ်၌ ဖေဖော်ဝါရီ ၇ ရက်က ဘိန်းဖြူမှုန့်၊ အိုက်စ်၊ စိတ်ကြွဆေးပြားအမှုန့်၊ ဘိန်းကြမ်းမှုန့်နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ကုန်းကြမ်းမြို့နယ် ရှောက်ကျုံရှမ်းကျေးရွာတစ်ဝိုက် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် လူနေထိုင်ခြင်းမရှိသည့် တောင်ယာတဲအတွင်းမှ ဘိန်းဖြူမှုန့် ၃၂ ဒသမ ၅ ကီလိုဂရမ်၊ အိုက်စ် ၁ ဒသမ ၅ ကီလိုဂရမ်၊ စိတ်ကြွဆေးပြား အမှုန့် ၁၁ ဒသမ ၄ ဂရမ်၊ ဘိန်းကြမ်းမှုန့် ၁၄ ကီလိုဂရမ်နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများဖြစ်သော ဓာတုဆေးရည်၊ ပစ္စည်းများ၊ လက်အိတ်များ၊ ဓာတ်ငွေ့ကာ မျက်နှာဖုံးများ၊ ဖန်ပေါင်းချောင်များ၊ ဓာတ်ခွဲခန်းသုံးဖန်ပြွန်များ၊ ဂက်စ်အိုးများ၊ မော်တာများအပါအဝင် စုစုပေါင်း ပစ္စည်း ၃၄ မျိုး **(ယာပုံ)** တန်ဖိုးငွေကျပ် ၆၆၃၇ သိန်းကျော်ကို သိမ်းဆည်းရမိခဲ့သဖြင့် ကုန်းကြမ်းမြို့မ ရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက် ရေစီးကွေ့အနီးလမ်းကြားတွင် အောင်နိုင်ထွန်း (ခ) ဖိုးသား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ ၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် သံလျက်မော်(အရှေ့)ရပ်ကွက် ၄၁ × ၄၂ လမ်းကြား ၈၇ × ၈၈ လမ်းကြား အကွက်အမှတ်(၄၂၂)နေ ကျော်စွာဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရဲနောင်နှင့် သက်ကိုကိုတို့ကို တွေ့ရှိရ၍ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၅ ပြားနှင့် ဆေးခြောက် ၅ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို ရောင်းချပေးသူ အေးလွင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်(၈)ရပ်ကွက် ဝေဘာဂီလမ်းမ အမှတ်(၃၆၇)ရှိ လက်ဖက်ရည်ဆိုင်တွင် တွေ့ရှိသူ လှိုင်ထွန်း ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် တိန်းလုံ(ရှေ့)ကျေးရွာအုပ်စု ဝိန်းပန်းကျေးရွာနေ ရော်ကျိန်ဟုန် (ခ) အားဟုန်၏ တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကိုလည်းကောင်း၊ အလားတူ မူဆယ်မြို့နယ် တိန်းလုံ(ရှေ့)ကျေးရွာအုပ်စု ဟိုပေါ့ကျေးရွာအရှေ့ဘက်ရှိ အိုက်ဆမ်၏ တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၉၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ဟံသာဝတီလမ်း အမှတ်(၈/၁၆၈)နေ ဦးကျအူ၏ နေအိမ် အခန်းအမှတ်(၂)ကို ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား Mr. Somphong Sawat Chadet ကို တွေ့ရှိရပြီး အိုက်စ် ၀ ဒသမ ၂၅ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဂွမြို့၌ တရားမဝင် တောင်သရက်ခွဲသားများနှင့် ထွန်စက်တစ်စီး ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**ဂွ ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် ဂွမြို့ ထန်းပင်ခုံကျေးရွာအနီး ဒေသအခေါ် ဘူးခါးချောင်းနံဘေးတွင် ဖေဖော်ဝါရီ ၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က တရားမဝင်သစ်များ သယ်ဆောင်ရန် စုဆောင်းထားရှိကြောင်း သတင်းအရ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့် ဝန်ထမ်းများ၊ မြို့မ ရဲစခန်းမှ ရဲတပ်ကြပ်နှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တောင်သရက်ခွဲသား ၉၄ ချောင်း တန်ချိန် ၁၆ ဒသမ ၂၀၉၀ တန် ကာလတန်ဖိုး ငွေကျပ် ၁၉ သိန်းကျော်နှင့် နှစ်ဖာလုံခန့်အကွာတွင် သစ်များ သယ်ယူရာ၌ အသုံးပြုသည်ဟု ယူဆရသည့် လေးဘီးထွန်စက်တစ်စီး တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်အတွင်း မော်တော်ယာဉ်ငါးစီးနှင့် တရားမဝင် ပိတောက်သစ်/ဓားရွေများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က လွိုင်လင်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု ကုန်းဘုတ်ကျေးရွာနှင့် ဝမ်ဟင်ကျေးရွာကြားနေရာနှင့် နမ့်စန်-ခိုလမ်သွားကားလမ်း၊ မိုင်တိုင်အမှတ်(၂၁၁)အနီး နေရာတို့၌ နစ်ဆန်းဒီဇယ် ၁၂ ဘီးယာဉ် ငါးစီးပေါ်မှ တရားမဝင် ပိတောက်သစ်/ဓားရွေ စုစုပေါင်း ၁၁၄ လုံး(၆၁ တန်ခန့်)ကို တရားခံ တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ရောဝတီမြစ်အတွင်း သွားလာနေသော မော်တော်သုံးစင်းပေါ်မှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရွှေဘိုမြို့နယ် သစ်တောဦးစီးဌာနနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့နယ် ဧရာဝတီမြစ်အတွင်း သွားလာနေသည့် မော်တော်သုံးစင်းပေါ်မှ တရားမဝင်သစ်များ သယ်ဆောင်လာသူ ခြောက်ဦးကို ဖေဖော်ဝါရီ ၄ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါ မော်တော် သုံးစင်းပေါ်မှ တရားမဝင် ကျွန်းသစ်/လုံးပတ် သုံးပေအောက် ကျွန်းသစ်စုစုပေါင်း ၁၀ ဒသမ ၄၇၂ တန်၊ ထင်း ၂ ဒသမ ၅ တန်ကို ဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးသူဟိန်း**

# နေပြည်တော်တွင် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဧည့်ဂေဟာနယ်မြေရဲစခန်းက ဖေဖော်ဝါရီ ၆ ရက်တွင် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဒက္ခိဏသီရိမြို့နယ် ဧည့်ဂေဟာနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်လွှမ်းနောင်ဦးသည် ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခန့်က ဟိုတယ်ဇုံ(၁)နယ်မြေအတွင်း သတင်းစုံစမ်းစဉ် မြတ်မင်္ဂလာဟိုတယ်ရှေ့ ရွှေကြာပင်လမ်းဘေး၌ 3I/---- အနက်ရောင်ယာဉ်တစ်စီးကို တွေ့ရှိရပြီး အဆိုပါယာဉ်နံပါတ်မှာ လွန်ခဲ့သော နှစ်ရက်ခန့်က မင်္ဂလာသီရိဟိုတယ်အနီးတွင် ရပ်ထားသော BMW အဖြူရောင်ယာဉ်တွင် တပ်ဆင်ထားသော နံပါတ်ဖြစ်သည်ကို သတိထားမိလိုက်သဖြင့် စုံစမ်းကြည့်ရာ အဆိုပါယာဉ်မှာ မြတ်မင်္ဂလာဟိုတယ် အခန်းအမှတ်(၈၀၃)တွင် တည်းခိုနေသော ဧည့်သည်တစ်ဦး၏ ယာဉ်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရဲတပ်ကြပ်လွှမ်းနောင်ဦးက အထက်တာဝန်ရှိသူများအား အဆင့်ဆင့် သတင်းပေးပို့ပြီး တာဝန်ရှိသူများနှင့်အတူ မြတ်မင်္ဂလာဟိုတယ်သို့ သွားရောက်ပြီး ဟိုတယ်မှ တာဝန်ရှိသူများနှင့်အတူ ဟိုတယ်၏ အခန်းအမှတ် (၈၀၃)အခန်းသို့ ဝင်ရောက်၍ စစ်ဆေးမေးမြန်းရာ ၎င်းအခန်းတွင်တည်းခိုနေသောသူမှာ အမည် ရဲထွန်း (ခ) ကိုရဲ အသက်(၄၈ နှစ်) အရောင်းအဝယ်လုပ်ကိုင် အမှတ်(၄၁) ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူဖြစ်ပြီး ယာဉ်နှင့်ပတ်သက်၍ ဆက်လက်မေးမြန်းရာ ၎င်း၏ ယာဉ်ဖြစ်ကြောင်း၊ အဆိုပါယာဉ်မှာ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ထွက်ဆိုပြီး လွန်ခဲ့သည့် နှစ်ရက်က မူလယာဉ်အဖြူရောင်ကို အနက်ရောင်သို့ ဆေးမှုတ်၍ ပြောင်းလဲခဲ့ကြောင်း ထွက်ဆိုခဲ့သည်။




ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ လိုင်စင်မဲ့ယာဉ်အား လက်ဝယ်ထားရှိ စီးနင်းမောင်းနှင်သူ ရဲထွန်း(ခ)ကိုရဲအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အထောက်အထားမဲ့စားသောက်ကုန်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၀ ၊ သွင်းကုန် ၁၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၁၇၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၅၅ သန်း၊ စုစုပေါင်းတားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၅၅ သန်း တန်ဖိုးရှိ စားသောက်ကုန်များကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်းမှ တရားမဝင်ရွှေမျှောဖောင်များ ဖမ်းမိ

**ကျွန်းလှ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်အကြား သဖန်းဆိပ်ဆည်အတွင်းမှ တရားမဝင် ရွှေမျှောများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကောလင်းမြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဆန်းဦး ဦးစီးသောအဖွဲ့နှင့် တာဝန်ရှိသူများသည် ကောလင်းမြို့နယ်နှင့် ကျွန်းလှမြို့နယ်အကြား သဖန်းဆိပ်ကျေးရွာအနီးရှိ သဖန်းဆိပ်ဆည် ရေလှောင်တမံ အတွင်း တရားမဝင်ရွှေမျှောများ လုပ်ကိုင်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ ယင်းဆည်၏ ရေလှောင်တမံအတွင်း စက်လှေများဖြင့် လှည့်လည်၍ တရားမဝင် ရွှေမျှောပြုလုပ်နေသော စက်လှေဖောင် ခြောက်ခုနှင့် အင်ဂျင်ခြောက်လုံး ဖမ်းဆီးရမိသဖြင့် ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း ယာယီရဲမှူး အောင်ဆန်းဦးထံမှ သိရသည်။

**လူအောင်(ကသာ)**

# သြစတြေးလျလွှတ်တော်ကွန်ပျူတာများ ဆိုက်ဘာတိုက်ခိုက်ခံရ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၈**

သြစတြေးလျလွှတ်တော်က ၎င်းတို့၏ ကွန်ပျူတာကွန်ရက် ဖောက်ထွင်းတိုက်ခိုက်ခံရကြောင်းနှင့် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးနေကြောင်း ဖေဖော်ဝါရီ ၈ ရက်က ပြောခဲ့သည်။

ကွန်ပျူတာလုံခြုံရေးပိုင်းဆိုင်ရာ ကျိုးပေါက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ကွန်ရက်ချိတ်ဆက်မှုများနှင့် အသုံးပြုသူများ ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်မှု မခံရစေရန် ဆောင်ရွက်ချက်အတော်များများ လုပ်ဆောင်ထားကြောင်း လွှတ်တော်အာဏာပိုင်များက ပြောသည်။

ဆိုက်ဘာတိုက်ခိုက်ခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး အရာရှိများက မှတ်ချက်ပြုပြောကြားရန် ငြင်းဆန်သော်လည်း အချက်အလက်တစ်စုံတစ်ရာ ပေါက်ကြားသွားသည့် လက္ခဏာ မတွေ့ရကြောင်း ပြောကြားခဲ့သည်။

လွှတ်တော်လုပ်ငန်းစဉ်များ သို့မဟုတ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များအပေါ် လွှမ်းမိုးလိုသဖြင့် ယခုလို ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်သလားဆိုသည့် သက်သေအထင်အရှား မရှိသေးကြောင်း လွှတ်တော်က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်အရ သိရသည်။

"ကျွန်တော်တို့က လတ်တလောအနေနဲ့ ကွန်ရက်ချိတ်ဆက်မှုများလုံခြုံရေး၊ အချက်အလက်များနဲ့ အသုံးပြုသူလုံခြုံရေးတို့ကို ဦးစားပေးဆောင်ရွက်နေတယ်"ဟု တာဝန်ရှိသူများက ပြောသည်။

လွှတ်တော်နှင့်ဆိုင်သည့် လျှို့ဝှက်ကုတ်များကိုလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ပြန်လည်ပြောင်းထားကြောင်း သိရသည်။

ဝန်ကြီးချုပ် စကော့တ်မော်ရစ်ဆင်က အစိုးရဌာနများ သို့မဟုတ် အေဂျင်စီများကို ဦးတည်ပြီး ယခုကဲ့သို့ ဆိုက်ဘာကျူးကျော်တိုက်ခိုက်မှုပြုလုပ်သည့် ကိစ္စနှင့်ပတ်သက်ပြီး ပြောမပြတတ်အောင်ဖြစ်ရကြောင်း ပြောခဲ့သလို သြစတြေးလျအချက်အလက်ညွှန်ကြားရေးဌာနက ဆိုက်ဘာတိုက်ခိုက်ခံရသည့် ကိစ္စလွှတ်တော်နှင့်ပေါင်းပြီး ပြန်လည်တုံ့ပြန်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။



ဆိုက်ဘာတိုက်ခိုက်ခံရသည့် သြစတြေးလျလွှတ်တော်နှင့် လုံခြုံရေးဝန်ထမ်းများကို တွေ့ရစဉ်။

အမျိုးသားအသံလွှင့်ဌာနဖြစ်သော အေဘီစီမှ စုံစမ်းထောက်လှမ်းရေးအဖွဲ့များက ယခုလို ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့် နောက်ကွယ်မှ တရားခံမှာ မည်သူမည်ဝါဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အေအက်ဖ်ပီ**

# ဘရာဇီးဆည်ပြိုကျမှု သေဆုံးသူ ၁၅၇ ဦးအထိမြင့်တက်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၈**

ဘရာဇီးအရှေ့တောင်ပိုင်း မီနက်စ်ဂီရေစ့်ပြည်နယ်ရှိ ဆည်တစ်ခုပြိုကျမှုဖြစ်စဉ်တွင် နှစ်ပတ်ကြာရှာဖွေမှုပြုလုပ်ခဲ့ရာ သေဆုံးသူ ၁၅၇ ဦးအထိမြင့်တက်လာပြီး ၁၈၂ ဦး ပျောက်ဆုံးနေကြောင်း ရှာဖွေကယ်ဆယ်ရေးသမားများက ပြောသည်။

သို့သော်လည်း ရွှံ့နွံအောက်ထဲတွင် မြုပ်နေသူများ မည်မျှအထိရှိမည်ကို မသိရသေးကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ကယ်ဆယ်ရေးအဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ကြုံတွေ့ရသဖြင့် နှောင့်နှေးခဲ့ရကြောင်း သိရသည်။

သေဆုံးသူများနှင့် ပျောက်ဆုံးသူများသည် သတ္တုတွင်းလုပ်သားများဖြစ်ကြောင်း သိရပြီး ဆည်ပြိုကျမှုကြောင့် ရွှံ့နွံများအောက်သို့ ရောက်ပြီး သေဆုံးကုန်ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော် ပါဆေးတွင် မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော် ပါဆေးမြို့ရှိ နှစ်ထပ်လူနေအိမ်တစ်လုံး ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာ နှစ်ထပ်လူနေအိမ်တွင် မိသားစုနှစ်စုနေထိုင်ကြောင်း သိရပြီး စုစုပေါင်း ကိုးဦးသေဆုံးခဲ့ရာ အငယ်ဆုံးမှာ သုံးနှစ်ခန့်သာရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ချိန်တွင် အမျိုးသမီးတစ်ဦးမှာ အပေါ်ထပ်မှ ခုန်ချလိုက်နိုင်သောကြောင့် လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကို မီးသတ်သမားများက တစ်နာရီကျော်ကြာ ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ အမျိုးသားမီးသတ်ဌာနက မီးလောင်မှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေပြီး ကနဦးစုံစမ်းစစ်ဆေးမှုများအရ မီးလောင်မှုသည် နေအိမ်ပထမထပ် အဝင်ဝမှစကာ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗင်နီဇွဲလားအနာဂတ်ကို ပြည်သူများဆုံးဖြတ်ရန် ဥရောပသမဂ္ဂနှင့် လက်တင်အမေရိကနိုင်ငံများ တိုက်တွန်း

**ကရာကက် ဖေဖော်ဝါရီ ၈**

ဗင်နီဇွဲလားနိုင်ငံ၏ အနာဂတ်အတွက် ပြည်သူများဆုံးဖြတ်ရန် ဥရောပသမဂ္ဂနှင့် လက်တင်အမေရိကနိုင်ငံများက တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

လက်ရှိဗင်နီဇွဲလားသမ္မတ မာဒူရိုက လူသားချင်းစာနာမှု အကူအညီပေးရေး ကြိုးစားမှုမှန်သမျှကို နယ်စပ်မှ တားဆီးပိတ်ပင်ထားရန် တပ်ဖွဲ့ဝင်များကို အမိန့်ပေးထားကြောင်း သိရသည်။

ဗင်နီဇွဲလားတွင် ကြုံတွေ့နေသည့် အကျပ်အတည်းများကို ဗင်နီဇွဲလားပြည်သူများကိုယ်တိုင် ဖြေရှင်းရန်နှင့် ဒီမိုကရေစီကျကျ လုပ်ဆောင်နိုင်ရေးကို ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဖြစ်ပေါ်အောင် နိုင်ငံတကာ ဘုံသဘောတူညီချက်အတိုင်း ဆောင်ရွက်ရန် ဥရောပသမဂ္ဂက အားပေးဆောင်ရွက်နေကြောင်း သိရသည်။

ထို့အပြင် ဗင်နီဇွဲလားအကျပ်အတည်းကိုဖြေရှင်းရာ၌ အင်အားသုံးဖြေရှင်းမှုများမပါဘဲ ထင်သာမြင်သာရှိပြီး ခိုင်မာယုံကြည်ရမည့် သမ္မတရွေးကောက်ပွဲကို ဗင်နီဇွဲလားဖွဲ့စည်းပုံဥပဒေနှင့်အညီ ကျင်းပနိုင်ရေးကိုလည်း ဥရောပသမဂ္ဂက တိုက်တွန်းထားကြောင်း သိရသည်။

ဗင်နီဇွဲလား အကျပ်အတည်းနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံအပါအဝင် တောင်နှင့် မြောက်အမေရိကတိုက်အတွင်းတွင် ဆွေးနွေးပွဲများ ဆက်တိုက်လုပ်ဆောင်နေကြောင်း သိရသည်။ ယမန်နေ့က ဥရုဂွေးနိုင်ငံတွင် ကျင်းပခဲ့သည့် ဗင်နီဇွဲလားအရေး နိုင်ငံတကာအစည်းအဝေးကို ဥရုဂွေးသမ္မတ တာဘာရီ ဗက်ကွက်က ကမကထပြုကျင်းပပေးခဲ့ခြင်းဖြစ်ပြီး စပိန်၊ အီတလီ၊ ပေါ်တူဂီနှင့် ဆွီဒင်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံက ခေါင်းဆောင်များ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုအစည်းအဝေးမစမီ နှစ်ရက်ခန့်အလိုက ကနေဒါနိုင်ငံ အော့တဝါအစည်းအဝေးတွင် ဗင်နီဇွဲလား အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး လက်တင်အမေရိကန်နိုင်ငံ ၁၄ ခုနှင့် ဖွဲ့စည်းထားသည့် လီမာဟုခေါ်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါအစည်းအဝေးတွင် လီမာအဖွဲ့ဝင် ၁၄ နိုင်ငံအနက် ၁၁ နိုင်ငံက ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ထောက်ခံကြောင်း ကြေညာခဲ့သည်။

ထို့အတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဂျူအန်ဂွိုက်ဒိုကို အားပေးထောက်ခံကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို နိုင်ငံတကာက ပေးနေသော်လည်း ဗင်နီဇွဲလားလက်ရှိသမ္မတ မာဒူရိုက တားမြစ်ရန် အမိန့်ထုတ်ပြန်ထားသေးကြောင်း သိရသည်။



ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို

**အေအက်ဖ်ပီ**

# ထိုင်းတော်ဝင်မင်းသမီးကို ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်း တင်သွင်း



ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသော ထိုင်းတော်ဝင်မင်းသမီး အူဘိုလ်ရာတာနာ မဟီဒေါ

**ဗန်ကောက် ဖေဖော်ဝါရီ ၈**

ထိုင်းတော်ဝင်မင်းသမီး အူဘိုလ်ရာတာနာ မဟီဒေါကို ထိုင်းရက်ဆာချက်တ်ပါတီက ၎င်းတို့ပါတီ၏ ဝန်ကြီးချုပ်လောင်းအဖြစ် ဖေဖော်ဝါရီ ၈ ရက်တွင် အမည်စာရင်းတင်သွင်းလိုက်သည်။

နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ဝန်ကြီးချုပ်လောင်းအမည်စာရင်းကို ရွေးကောက်ပွဲကော်မရှင်ထံသို့ ယနေ့နောက်ဆုံးထားကာ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းမင်းသမီး အူဘိုလ်ရာတာနာသည် ယခင်ထိုင်းဘုရင်ဘူမိဘော အဒူလျာဒတ်၏ အကြီးဆုံးသမီးဖြစ်ပြီး ယခုထိုင်းဘုရင် ထိုင်းနိုင်ငံဘုရင် မဟာဗဇိရာလောင်ကွမ်း၏ အစ်မတော်ဖြစ်သည်။

အဆိုပါမင်းသမီးသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှုနှင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်သူတစ်ဦးဖြစ်ပြီး လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် လွှတ်တော်အမတ်များ ရွေးကောက်တင်မြှောက်နိုင်ရန် အထွေထွေရွေးကောက်ပွဲကို မတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယခုရွေးကောက်တင်မြှောက်ခြင်းကို ၂၀၁၄ခုနှစ် တပ်မတော်က အာဏာသိမ်းပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်နေရာအတွက် ရွေးကောက်ခံကိုယ်စားလှယ် ၅၀၀ နှင့် အာဏာရအမျိုးသား ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီတို့မှ ရွေးချယ်ထားသည့် အထက်လွှတ်တော်အမတ် ၂၅၀ တို့ကို ပူးပေါင်းကာ မဲပေးရွေးချယ်သွားရမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မရလိုက်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ

**ကလျာမိုးမြင့်**

**ဗင်နီဇွဲလားမှာ စစ်ဘက်အာဏာပိုင်တွေက လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့တွေ ဝင်ရောက်လာမယ့် အဓိကနေရာဖြစ်တဲ့ နယ်စပ်တံတားကို ပိတ်ဆို့လိုက်တာကြောင့် အမေရိကန်ဘက်က ဒေါသတကြီး တောင်းဆိုမှုတွေ ဖြစ်လာရပါတယ်။ ဒီလိုဖြစ်ပြီး ဗုဒ္ဓဟူးနေ့မှာ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ဒီလုပ်ရပ်မှာ တပ်မတော်အနေနဲ့ တာဝန်ရှိကြောင်း သတိပေးခဲ့ပါတယ်။**



ကိုလံဘီယာနှင့် ဗင်နီဇွဲလားနယ်စပ်တံတားပေါ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝင်ရောက်မလာစေရန် ပိတ်ဆို့ထားမှုကို တွေ့ရစဉ်။

**အာဏာရှင်အုပ်ချုပ်မှုအောက်နေမလား**

ဗင်နီဇွဲလားတပ်မတော်အနေနဲ့ ရွေးချယ်စရာနှစ်ခုရှိနေတယ်။ ဒါကတော့ လူသားချင်းစာနာမှု ဆံချည်တစ်မျှင်စာတောင် မရှိတဲ့ အာဏာရှင်တစ်ဦးရဲ့ အုပ်ချုပ်မှုအောက်မှာ နေမလား၊ သို့တည်းမဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နေမလားဆိုတာပဲလို့ ကိုလံဘီယာရေဒီယိုနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဂွိုက်ဒိုကပြောကြားလိုက်ပါတယ်။

မာဒူရိုရဲ့ အမိန့်အရ ဗင်နီဇွဲလားတပ်မတော်ဟာ အကူအညီအထောက်အပံ့တွေ ဝင်မလာနိုင်အောင် ထရပ်ကားတွေ၊ ကုန်တင်ယာဉ်ကြီးတွေနဲ့ ပိတ်ဆို့တားဆီးနေတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောပါတယ်။ တွစ်တာပေါ်မှာ ရေးသားထားတဲ့ ပို့စ်မှာ ၎င်းက မာဒူရိုရဲ့အုပ်ချုပ်ရေးအဖွဲ့ဟာ ဆာလောင်ငတ်မွတ်နေတဲ့ ပြည်သူတွေဆီ အကူအညီအထောက်အပံ့တွေ ရောက်လာဖို့ မဖြစ်မနေ ခွင့်ပြုသင့်တယ်လို့ ဆိုထားပါတယ်။

**ပြည်သူတွေ အငတ်ဘေးနဲ့သေဖွယ်ရှိ**

စီးပွားရေးကလည်း ချွတ်ခြုံကျ၊ အခြေခံစားသောက်ကုန်ကလည်း မရှိ၊ ဆေးဝါးကလည်း ပြတ်လပ်နေတဲ့အချိန်မျိုးမှာ တကယ်လို့သာ အကူအညီအထောက်အပံ့တွေ လူထုဆီ ဝင်ရောက်မလာနိုင်တော့ဘူး ဆိုရင်တော့ သေချာတယ် ပြည်သူ ၃၀၀၀၀၀ ကျော်ဟာ သေခြင်းတရားနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုက ပြောခဲ့ပါတယ်။ ကိုလံဘီယာနယ်စပ်မှာရှိတဲ့ အချက်အချာတံတားတစ်စင်းဖြစ်တဲ့ Tienditas တံတားပေါ်မှာ အင်္ဂါနေ့နှောင်းပိုင်းက သံချပ်ကာထရပ်ကားတွေနဲ့ ကုန်တင်ယာဉ်ကြီးတွေကို ရွှေ့ပြောင်းချထားခဲ့ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ဗင်နီဇွဲလားရဲ့ ယာယီသမ္မတအဖြစ် ဇန်နဝါရီ ၂၃ ရက်မှာ ကြေညာခဲ့တဲ့ အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျူအန်ဂွိုက်ဒိုဟာ သမ္မတ မာဒူရိုကို ရာထူးကနေ ဖြုတ်ချဖို့ ကြိုးစားနေပြီး အစိုးရအပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်ဖို့နဲ့ ရွေးကောက်ပွဲတွေ အသစ်တစ်ဖန် ကျင်းပဖို့ အားထုတ်နေသူတစ်ဦးအနေနဲ့ ဗင်နီဇွဲလားနိုင်ငံရေး အခင်းအကျင်းအလယ်မှာ တွေ့မြင်နေရပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဂွိုက်ဒိုဟာ အောက်လွှတ်တော်ရဲ့ တရားဝင်ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့တယ်။ ပြီးခဲ့တဲ့မေလတုန်းက သမ္မတအဖြစ်ပြန်လည်ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး အတိုက်အခံတွေက သပိတ်မှောက်ကန့်ကွက်မှုတွေ ပေါ်ပေါက်ခဲ့ရတဲ့ သမ္မတမာဒူရိုဟာ တရားမဝင်ဘူးလို့ ၎င်းက ယူဆထားသူဖြစ်ပါတယ်။

**ပိတ်ဆို့မှုတွေကနေ လွတ်ငြိမ်းခွင့်ပေးမည်**

ဗင်နီဇွဲလား တပ်မတော်ဟာဆိုရင် ဆိုရှယ်လစ်ခေါင်းဆောင်နဲ့ ငယ်ရွယ်တဲ့ ၎င်းရဲ့ ယှဉ်ပြိုင်ဘက်ရဲ့ အာဏာပြိုင်ဆိုင်မှုကနေ ရလဒ်တစ်ခုပေါ်ထွက်လာစေရေးမှာ အဓိကကျတဲ့ အရာတစ်ခုဖြစ်လာတာကို တွေ့မြင် နေရပါတယ်။ အမေရိကန်က အကယ်၍သာ ဗင်နီဇွဲလား တပ်မတော်က ဂွိုက်ဒိုကို သမ္မတအဖြစ် အသိအမှတ်ပြုမယ်ဆိုရင် တပ်မတော်အရာရှိကြီးတွေကို ဒဏ်ခတ်ပိတ်ဆို့မှုတွေကနေ လွတ်ငြိမ်းခွင့်ပေးဖို့ ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။

**ဒီမိုကရေစီလိုလားသူတွေ**
**စုစည်းညီညွတ်ရေးဆွေးနွေး**

သို့သော်လည်းပဲ အီတလီနဲ့ ဂရိအပါအဝင် နိုင်ငံအချို့က မာဒူရိုအစိုးရရဲ့ အာဏာရှင်အုပ်စိုးရေးစနစ်အပေါ်မှာ တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ဖို့ ဥရောပသမဂ္ဂရဲ့ အဆိုပြုချက်ကို မကြာသေးမီကပဲ ပိတ်ဆို့ခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့တုန်းက ဂွိုက်ဒိုဟာ ဒီမိုကရေစီနည်းလမ်းကျတဲ့ အပြောင်းအလဲတစ်ရပ်အတွက် ထောက်ခံနေကြသူတွေ စုစည်းညီညွတ်မှုရှိကြဖို့ ကရာကက်မှာ ဥရောပသမဂ္ဂ တာဝန်ရှိကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီမိုကရေစီကို ပြန်လည်ထူထောင်နိုင်စေဖို့ ၎င်းဆောင်ရွက်နေတာကို အစီရင်ခံတင်ပြဖို့အတွက် ကိုယ်စားလှယ်တစ်ဦးစေလွှတ်မယ်လို့လည်း ပြောခဲ့ပါတယ်။

**ပုပ်ရဟန်းမင်းကြီးထံအကူအညီတောင်းခံ**

သမ္မတ မာဒူရိုဘက်ကရော ဘာတွေလုပ်ဆောင်နေသလဲ။ တနင်္လာနေ့က မာဒူရိုဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ ပဋိပက္ခကို ကြားဝင်စေ့စပ်ရာမှာ အကူအညီပေးဖို့တောင်းခံတဲ့ စာတစ်စောင်ကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထံ ပေးပို့ခဲ့ပါတယ်။ ဒီကိစ္စမှာ ပုပ်ရဟန်းမင်းကြီးက သတင်းမီဒီယာတွေကို ပြောကြားခဲ့တာကတော့ ၎င်းအနေနဲ့ အစိုးရနဲ့ အတိုက်အခံ နှစ်ဖက်လုံးဆီက သဘောတူညီမှုရမှသာ အကူအညီပေးနိုင်မှာ ဖြစ်တယ်ဆိုတာပါပဲ။ ဂွိုက်ဒိုက ပုပ်ရဟန်းမင်းကြီးရဲ့ သီလသမာဓိကြီးမြတ်မှုဟာ မာဒူရိုကို အာဏာစွန့်ခွာသွားစေဖို့ ယုံကြည်လက်ခံလာအောင် ဆောင်ကြဉ်းပေးဖို့ ဖြစ်ကောင်းဖြစ်လာနိုင်တယ်လို့ ပြောခဲ့ပါတယ်။

**နိုင်ငံရေးပြကွက်တစ်ခုလို့ ရှုမြင်နေ**

ရုရှား၊ တရုတ်၊ တူရကီ၊ ကျူးဘားနဲ့ အီရန်တို့ရဲ့ ကျောထောက်နောက်ခံပေးမှုကို ရထားတဲ့ မာဒူရိုဟာ ဗင်နီဇွဲလားကို ဝင်ရောက်လာသမျှ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့တွေအားလုံးကို လက်မခံငြင်းဆန်ခဲ့ရုံသာမက ဒါတွေဟာ အမေရိကန်ဦးဆောင်တဲ့ စစ်ရေးအရကျူးကျော်မှုရဲ့ ရှေ့ပြေးလက္ခဏာ ဖြစ်တယ်လို့လည်း ပြောလိုက်ပါသေးတယ်။ ဗုဒ္ဓဟူးနေ့မှာ ရောက်လာတဲ့ အကူအညီတွေဟာ ဆိုရင်ဖြင့် နိုင်ငံရေးပြကွက်တစ်ခုလို့ မာဒူရိုက အထင်အမြင်လွဲနေတယ်။ အာဏာရှင်စနစ်ဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူ့ကိုမှ အထောက်အကူမဖြစ်စေဘူးလို့ အတိုက်အခံခေါင်းဆောင်က ရှုရှားကို ပြောကြားခဲ့ပါတယ်။

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ဟာ ဗင်နီဇွဲလားမှာဖြစ်နေတဲ့အကျပ်အတည်းကို ကာမိစေဖို့ဆိုပြီး အဖွဲ့ရဲ့ စွမ်းအားအရင်းအမြစ်တွေကို နှစ်ဆတိုးခဲ့ရတယ်လို့ ပြောကြားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်ကစပြီး အစားအသောက်နဲ့ ဆေးဝါးရှားပါးမှုကြောင့် ပြည်သူ ၂ ဒသမ ၃ သန်းလောက်ဟာလည်း နိုင်ငံကနေ ထွက်သွားခဲ့ရပြီးပါပြီ။

**အာဏာသိမ်းဖို့ ကြိုးစားနေတယ်လို့ စွပ်စွဲ**

အသက် ၅၆ နှစ်ရှိပြီဖြစ်တဲ့ သမ္မတ မာဒူရိုဟာ အမေရိကန်က အာဏာသိမ်းဖို့ကြံရွယ်နေတာလို့ မကြာခဏ စွပ်စွဲလျက်ရှိပါတယ်။ သမ္မတထရမ့်ရဲ့ ကြားဝင်စွတ်ဖက်ချင်တဲ့ လုပ်ရပ်တွေကို ဆန့်ကျင်ဖို့ လူ၁ဝသန်းရဲ့ လက်မှတ်ရေးထိုးမှု လိုအပ်တယ်လို့ ဗုဒ္ဓဟူးနေ့က တိုက်တွန်းခဲ့ပါတယ်။ ဒီအချိန်မှာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့ ဗင်နီဇွဲလား ပဋိပက္ခမှာ စစ်ရေးအရ ကြားဝင်စွက်ဖက်တာကို လက်မခံတဲ့ အမေရိကန်ဟာဆိုရင်ဖြင့် လက်တင် အမေရိကနိုင်ငံတစ်စုနဲ့အတူ သမ္မတရဲ့ ယှဉ်ပြိုင်ဘက်ကို ယာယီသမ္မတအဖြစ် အသိအမှတ်ပြုလိုက်တဲ့ ပထမဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။

လက်ရှိမှာတော့ လက်တင်အမေရိကန်နဲ့ ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ဗင်နီဇွဲလားအရေးနဲ့ပတ်သက်ပြီး ဆက်သွယ်ဆောင်ရွက်မယ့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး မာဒူရိုကို ထောက်ခံတဲ့ နိုင်ငံအချို့က ဗင်နီဇွဲလားအရေးမှာ မဆီမဆိုင်ဝင်ပါနေကြတဲ့ သနားစရာ လက်တင်အမေရိကနိုင်ငံတွေဟာ ဒါကို အာဏာအရှုပ်တော်ပုံတစ်ခုကို ဥပဒေနဲ့အညီဖြစ်ဖို့ ကြိုးပမ်းမှုတစ်ခုဆိုပြီး လာပြောနေတယ်လို့ ရှုတ်ချခဲ့ကြပါတယ်။

တူရကီသမ္မတ ရီဆတ်တေယစ်အာဒိုဂန်ကတော့ ဥရောပသမဂ္ဂဟာ ဆူပူအုံကြွမှုတွေ ဖြစ်လာစေတဲ့နည်းနဲ့ အစိုးရကို အပြုတ်ဖြုတ်ဖို့လုပ်နေတာလို့ ဆိုပါတယ်။ ဘာပဲပြောပြော ဂွိုက်ဒိုပေါ်ထွက်လာမှုနဲ့အတူ အုပ်ချုပ်ရေးစနစ်အပေါ်မှာ ဖိအားသက်ရောက်မှုတွေရှိလာသလို ဆန္ဒပြပွဲတွေလည်း အများအပြား ပေါ်ထွက်လာပါတယ်။ လာမယ့်ဖေဖော်ဝါရီ ၁၂ ရက်မှာလည်း ဆန္ဒပြပွဲတွေ နောက်ထပ်ပေါ်ထွက်လာဖို့ ရှိနေတယ်လို့ သိရပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုများ

### တရုတ်နှင့်တွေ့ဆုံရန် အစီအစဉ်မရှိသေးကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် မတ် ၁ ရက်မတိုင်မီ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် အစီအစဉ်မရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြားလိုက်ကြောင်း သိရသည်။

စီစဉ်ထားသည့် ထိပ်သီးဆွေးနွေးပွဲမတိုင်မီ တရုတ်နိုင်ငံဘက်မှ လိုက်လျောမှုတွေပြုလုပ်ရန်လည်း လိုအပ်ကြောင်း ထရမ့်က ပြောသည်။

လတ်တလောတွင် တရုတ်နိုင်ငံက အသိဉာဏ်ပညာမူပိုင်ခွင့်ကို ချိုးဖောက်သည်ဟုဆိုကာ ကျန်ရှိနေသည့်ကိစ္စရပ်များအပေါ် သဘောထားကွာဟမှုများရှိနေသေးကြောင်း၊ ထို့ကြောင့် တရုတ် သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန်အစီအစဉ်မရှိသေးကြောင်း ထရမ့်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီသို့ တင်မည်

**ဂျီနီဗာ ဖေဖော်ဝါရီ ၈**

လွန်ခဲ့သော အောက်တိုဘာလက အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ရုံး၌ သတင်းထောက် ဂျာမားလ်ခါရှော့ဂီ အသတ်ခံရသည့် ကိစ္စနှင့် ပတ်သက်၍ တူရကီ၏ စုံစမ်းစစ်ဆေးနေမှုကို နှောင့်နှေးသလိုဖြစ်စေသည့် ဆော်ဒီအာရေဗျကို ကုလသမဂ္ဂ စုံစမ်း စစ်ဆေးရေးအဖွဲ့က ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ကြောင်း ဇန်နဝါရီ ၈ ရက်ထုတ်ပြန်သော နိုင်ငံသတင်းများအရ သိရသည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် အက်ဂ်နက်စ်ကယ်လာမာ့ဒ်ဦးဆောင်သောအဖွဲ့သည် သတင်းထောက် ခါရှော့ဂီသေဆုံးသည့်ကိစ္စ လွတ်လပ်စွာ စုံစမ်းစစ်ဆေးမှု၏ ကနဦးစုံစမ်းတွေ့ရှိချက်များကို ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဆော်ဒီအစိုးရကို ဝေဖန်မှုပြုနေသည့် သတင်းထောက်ခါရှော့ဂီကို ဆော်ဒီအရာရှိများက အစီစဉ်တကျနှင့် ကြိုတင်ကြံစည်ကာ သတ်ဖြတ်ခဲ့သည်ဟု အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။ ကုလသမဂ္ဂလွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင် သည် တူရကီစုံစမ်းစစ်ဆေးရေးအေဂျင်စီ၏ အသံဖိုင်များနှင့် သတင်းအချက်အလက်များကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ ခါရှော့ဂီအသတ်ခံရခြင်းသည် နိုင်ငံတကာဆက်ဆံရေး၏ အရေးကြီးဆုံး စည်းမျဉ်းများကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ခါရှော့ဂီသေဆုံးခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ဆော်ဒီအာရေဗျက သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့ထဲမှ ငါးဦးကို သေဒဏ်ပေးလိုက်သလို ခါရှော့ဂီသေဆုံးခဲ့သည့်ဖြစ်စဉ်တွင် အိမ်ရှေ့မင်းသားပါဝင်သည်ဆိုသော စွပ်စွဲချက်များကိုလည်း ငြင်းဆို လိုက်ကြောင်း သိရသည်။ ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ၎င်းတို့၏ နောက်ဆုံးအစီရင်ခံစာကို ဇွန်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**

# စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ပုဂံမုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအနီးရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်ကြီး၏ တောင်ဘက်အဝင်တွင် တည်ဆောက်ပြီးစီးသွားသည့် ပုဂံမုခ်ဦး ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက မုခ်ဦးအနီး ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။

မုခ်ဦးဖွင့်ပွဲတွင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး အကျိုးတော်ဆောင်ချုပ်ဆရာတော် အရှင်ဓမ္မာစာရက ဩဝါဒချီးမြှင့်ကာ တေးသံရှင် စိုးစန္ဒာထွန်းက ရတုပိုဒ်စုံနှင့် တေးထပ်များ သီဆိုရွတ်ဖတ်ပူဇော်သည်။ ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပုဂံမုခ်ဦး တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် မုခ်ဦးဆိုင်းဘုတ်ကို အကျိုးတော်ဆောင်ချုပ်ဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြမည့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဝင်ထွက်သွားလာ ဖူးမြော်နိုင်စေရန် ရည်ရွယ်၍ တည်ဆောက်ပြီးစီးခဲ့သည့် ဘုရားကြီးတောင်ဘက်အဝင် ပုဂံမုခ်ဦးဖွင့်ပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ၏ တရားပွဲကိုလည်း ထိုညပိုင်းတွင် ဆက်လက်ကျင်းပခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ဖွင့်ပွဲအပြီး တွေ့ရစဉ်

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ်၏ ဝေးလံခေါင်းပါးသော ဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ဘားအံမြို့နယ် ကမော့ကစင်ရွာသစ်ရှိ Kayin Department of Health and Welfare(KDHW)ရုံးခန်းမ၌ ကျင်းပခဲ့သည်။



ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်နေစဉ်

အခမ်းအနားတွင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး KNU ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီဝင် ဒေါက်တာမာတာက ဝေးလံခေါင်းပါးသော ဒေသများသို့ ထောက်ပံ့ငွေပေးအပ်သည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်အတွင်း ဝေးလံခေါင်းပါးသော ဒေသများရှိ ကိုယ်ဝန်ဆောင်မိခင် ၂၈၀ နှင့် အသက် နှစ်နှစ်အောက် ကလေးငယ် ၉၁ ဦး စုစုပေါင်း ၃၇၁ ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၁၄၂ သိန်းခွဲကို ဝန်ကြီးက ဗဟိုကော်မတီဝင် ဒေါက်တာမာတာထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

KNU ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီဝင် ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန အကြီးတန်းအတိုင်ပင်ခံ ဒေါက်တာမာတာက ပြည်နယ်ဝန်ကြီးချုပ်၏ ဆန္ဒသဘောထားအရ ဝေးလံခေါင်းပါးသည့်ဒေသများသို့ ထောက်ပံ့ငွေများကို KDHW မှတစ်ဆင့် ဖြန့်ဝေပေးစေလိုသဖြင့် ပထမအဆင့်အဖြစ် စာရင်းကောက်ယူခဲ့ကြပြီး အချိန်တိုတောင်းသည့်အတွက် တချို့တစ်ဝက်ခန့်သာ စာရင်းကောက်ယူရရှိခဲ့ကြောင်း၊ ထပ်မံ စာရင်းကောက်ယူနိုင်ရန် KNU မှ ညွှန်ကြားချက်အတိအကျ မရှိသေးကြောင်း၊ ဒုတိယအကြိမ် ထောက်ပံ့ငွေများ ထုတ်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ အကြောင်းကြားလာပါက ဆက်လက်၍ စာရင်းကောက်ခံပေးရန် အဆင်သင့်ရှိနေပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှသာလျှင် ဝေးလံခေါင်းပါးသော အရပ်ဒေသများတွင်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်၊ ကလေးများနှင့် ပြည်သူလူထုအားလုံး အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြင်းမူမြို့သို့ ဧရာဝတီမြစ် ရေလမ်းခရီးဖြင့် နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လျက်ရှိ

**မြင်းမူ ဖေဖော်ဝါရီ ၈**

ယခုနှစ် နွေဦးပေါက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ဧရာဝတီဆိပ်ကမ်းသည် မြစ်ကြောင်းခရီးစဉ်ဖြင့်လာသော နိုင်ငံခြားသား ခရီးသွားများအတွက် ခရီးတစ်ထောက်နားရာနေရာတစ်ခု ဖြစ်လာပြီး နိုင်ငံခြားခရီးသွားအများအပြားအနေဖြင့် မြင်းမူမြို့ဆိပ်ကမ်းမှတစ်ဆင့်မြို့တွင်းသို့ဝင်ရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။

လက်ရှိအချိန်သည် ဧရာဝတီမြစ်ရေ ကျဆင်းနေချိန်ဖြစ်၍ နိုင်ငံခြားခရီးသွားများပါသည့် ခရီးသွားသင်္ဘောကြီးများအနေဖြင့် စစ်ကိုင်းမြို့နှင့် မြင်းမူမြို့ကြားတွင် ရေကြောင်းသွားလာရေး အနည်းငယ် ကျပ်တည်းလာသောကြောင့် ပုဂံ၊ ညောင်ဦးဒေသမှ ခရီးသွားသင်္ဘောများသည် ရေကြောင်းခရီးဖြင့် မြင်းမူမြို့သို့ရောက်ရှိပြီး မြင်းမူမြို့မှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် မန္တလေးမြို့နှင့် အထက်မြန်မာပြည် ခရီးစဉ်များသို့ သွားလာနေကြ၍ မြင်းမူမြို့ ဧရာဝတီဆိပ်ကမ်းမှာ နိုင်ငံခြားခရီးသွားများ အဝင်အထွက်များသောနေရာ ဖြစ်လာခြင်းဖြစ်သည်။

နိုင်ငံခြားသား ခရီးသွားအဖွဲ့များသည် မြင်းမူမြို့သို့ ခရီးတစ်ထောက်ရောက်ရှိချိန်တွင် ဆိုက်ကားများဖြင့် မြင်းမူမြို့အတွင်း လှည့်လည်ကြပြီး မြို့မဈေးအတွင်းမှ ဈေးသည်များ၏ ရောင်းဝယ်ဖောက်ကားနေမှုများနှင့် မြင်းမူမြို့၏ ရိုးရာလုပ်ငန်းတစ်ခုဖြစ်သော ဝါးဖြင့် ထရံ၊ ဝါးကပ်များ ရက်လုပ်သည့်လုပ်ငန်းများကို ကြည့်ရှုလေ့လာ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**




မြင်းမူဆိပ်ကမ်း၌ ရပ်တန့်ထားသော ခရီးသွားသင်္ဘောတစ်စင်းနှင့် မြို့တွင်းဝင်ရောက်ကြမည့် နိုင်ငံခြားသားများ

# ပင်လယ်ပြင်အတွင်း ရေယာဉ်များ စနစ်တကျအမှိုက်ပစ်ရေး ကော့သောင်းမြို့၌ အသိပညာပေး

**ကော့သောင်း ဖေဖော်ဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ပင်လယ်ပြင်အတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ပင်လယ်ရေပြင် ညစ်ညမ်းမှု၊ ရေနေသတ္တဝါမျိုးစိတ်များ သေကျေပျက်စီးမှုနှင့် သဘာဝသန္တာကျောက်တန်းများ ပျက်စီးရသည့်ဖြစ်စဉ်များ မဖြစ်စေရေးအတွက် ပင်လယ်ပြင်ကို အမှီပြုလုပ်ကိုင်နေကြသည့် ငါးဖမ်းလှေများနှင့် လှေလုပ်သားများအား စနစ်တကျ အမှိုက်စွန့်ပစ်ကြရေး အသိပညာပေးမှုများကို ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန့်ဇင် ဦးဆောင်သည့် တာဝန်ရှိသူများအဖွဲ့က ဖေဖော်ဝါရီ ၈ ရက်တွင် ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

ပညာပေးမှုများအဖြစ် ပင်လယ်ပြင်အတွင်းသွားသည့် ငါးဖမ်းလှေနှင့် ငါးသယ်လှေများပေါ်တွင် အမှိုက်ပုံးများ လိုက်လံထားရှိပေးခြင်း၊ အမှိုက်များကို ပင်လယ်ပြင်အတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုရန်နှင့် အမှိုက်ပုံးထဲသို့သာ စနစ်တကျစွန့်ပစ်ရန် သတိပေးစာတန်းများကို ငါးဖမ်းလှေနံရံများတွင် လိုက်လံကပ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ငါးဖမ်းရေယာဉ်များ ပြန်လည်ဝင်ရောက်ချိန်တွင် အမှိုက်အိတ်နှင့် အမှိုက်ပုံးများကို စစ်ဆေးရန်၊ Fishing log Book နေ့စဉ်ရေးသွင်းရန်၊ ငါးဖမ်းလှေများအနေဖြင့် နံပါတ်ပြားများကိုဖုံးအုပ်၍ ငါးဖမ်းခြင်းနှင့် ခုတ်မောင်းသွားလာခြင်းလုံးဝမပြုလုပ်ရန်၊ ငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ဇရိယာများအလိုက်သာ လုပ်ကိုင်ကြရန် စသည်တို့ကိုလည်း ရေလုပ်သားများနှင့် ပဲ့နင်းများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# တရားမဝင် နေထိုင်နေသည့် ထိုင်းနိုင်ငံသားများကို ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေး

**တာချီလိတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာအုပ်စု မိုင်းကန်းကျေးရွာ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ထိုင်းနိုင်ငံသား ၈၀ အား မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ထိန်းသိမ်းထားပြီးနောက် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၇ ရက် ညပိုင်းတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)မှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသား ၈၀ တွင် အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ၃၃ ဦးတို့ ပါဝင်ပြီး ၎င်းတို့အား 'ဝ'အထူးဒေသ(၂)ရှိ နားယောင်းတည်းခိုခန်းနှင့် စင်းခမ်းတည်းခိုခန်းတို့တွင် နေထိုင်လျက်ရှိစဉ် ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက နယ်မြေရဲတပ်ဖွဲ့အပါအဝင် ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်စစ်ဆေးကာ ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ထိုင်းနိုင်ငံသား ၈၀ ထဲတွင် ထိုင်းနိုင်ငံအစိုးရက အထူးလိုအပ်လျက်ရှိသော မူးယစ်ရာဇဝတ် တရားခံပြေး ငါးဦးထက်မနည်း ပါဝင်ကြောင်းသိရှိရပြီး ၎င်းတို့နှင့်အတူ အခြားသောပြစ်မှုများမှ အရေးကြီးတရားခံများကို ထိုင်းနိုင်ငံမှ အချုပ်ကားနှစ်စီးဖြင့် တင်ဆောင်၍ ကျန်သူများကို မှန်လုံကားဖြင့် တင်ဆောင်ကာ ချစ်ကြည်ရေးတံတား အမှတ်(၁)မှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ထိန်းသိမ်းထားသည့် ထိုင်းနိုင်ငံသားများကို ချစ်ကြည်ရေးတံတား အမှတ်(၁)၌ ထိုင်းတာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးစဉ်

# ပျဉ်းမနားမြို့နယ်၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

**ပျဉ်းမနား ဖေဖော်ဝါရီ ၈**

ပျဉ်းမနားမြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က သကြားစက်ကျေးရွာရှိ သကြားစက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးက ဌာနအနေဖြင့် ကျေးရွာအလိုက် ပြည်သူများ လုပ်ကိုင်နေသော လုပ်ငန်းများနှင့် လိုက်လျောညီထွေရှိသည့် သင်တန်းများနှင့် ပြည်သူများ စိတ်ဝင်စားသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဦးစားပေး ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းသူတစ်ဦးကလည်း ယခုလို အဆင့်မြင့်စက်ချုပ်သင်တန်းကို တက်ရောက်ရသည့်အတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်ပြီး မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် လုပ်ကိုင်သွားနိုင်မည်ဖြစ်ကြောင်း သင်တန်းဆင်းပွဲတွင် ပြောကြားသည်။ **ကျေးလက်ဦးစီး**



ငါးဖမ်းလှေတစ်စီးပေါ်၌ ပညာပေးစာတန်းများ ကပ်ပေးနေစဉ်

# ဗိုလ်ချုပ်မွေးနေ့တွင် လူဦးရေ ၇၀၀၀ ကျော်အား ပဲပြုတ်နှင့် နံပြားစတုဒိသာကျွေးမည်

**မကွေး ဖေဖော်ဝါရီ ၈**

မကွေးမြို့ ဗိုလ်ချုပ်မြင်းစီးကြေးရုပ် ပန်းခြံ၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြုလုပ်မည့် ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်အဖြစ် လူဦးရေ ၇၀၀၀ ကျော်အား ပဲပြုတ်နှင့် နံပြားအာဟာရ စတုဒိသာ ကျွေးမွေးသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) မကွေးတိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီနှင့် စည်ပင်သာယာရေး အဖွဲ့တာဝန်ရှိသူများက စတုဒိသာကျွေးမည့်နေရာကို ယမန်နေ့က သတ်မှတ်အတည်ပြုထားပြီးဖြစ်ကြောင်း၊ FDA နှင့် တိုင်းဒေသကြီးရေသန့်လုပ်ငန်းရှင်များ ပူးပေါင်းမှုဖြင့် လူဦးရေ ၇၀၀၀ အတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်ခုနစ်သိန်းခွဲ အသုံးပြု၍ စတုဒိသာကျွေးမွေးရန် အစီအစဉ်ရှိပြီး လူဦးရေ ၁၀၀၀ စာအတွက်လည်း အရန်စီစဉ်ထားမည်ဖြစ်ကြောင်း သိရသည်။

"ပန်းခြံရဲ့ အနောက်မြောက်ထောင့်မှာ ဖိုသုံးဖိုတည်မယ်။ မုန့်ဆရာသုံးယောက်လည်း ငှားထားတယ်။ နှမ်းဆီအစစ်နဲ့ လုပ်ထားတဲ့မုန့်တွေကို မနက် ၆နာရီလောက်ကစပြီး ဝေငှပါမယ်။ Public Private Parternarship သဘောမျိုးနဲ့ ပိုပြီးတော့ ရင်းနှီးမှုတွေရဖို့ ပရဟိတလုပ်ငန်းတွေမှာဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ဖို့နဲ့ ဗိုလ်ချုပ်မွေးနေ့မှာ အမှတ်တရလည်းဖြစ်အောင် လုပ်ငန်းရှင်တွေနဲ့ FDA ပူးပေါင်းစီစဉ်ရခြင်း ဖြစ်ပါတယ်။ FDA က လက်ကမ်းစာစောင်ဝေငှမယ်။ စည်ပင်သာယာက အမှိုက်ပုံးတွေလည်း တောင်းခံထားပါတယ်။ ပွဲပြီးအမှိုက်သိမ်းမယ့် အစီအစဉ်လည်း ပါရှိပါတယ်" ဟု ၎င်းက ပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ ဗိုလ်ချုပ်မွေးနေ့ (မြန်မာကလေးများနေ့) အထိမ်းအမှတ်ပွဲကို ကျင်းပသွားရန် အစီအစဉ်ရှိကြောင်းသိရပြီး ကလေးငယ်သုံးဦးမှ ဗိုလ်ချုပ်မိန့်ခွန်းသဏ္ဌာန်တူ ပြောကြားခြင်း၊ အထိမ်းအမှတ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ခြင်း၊ မသန်စွမ်းကလေးငယ်များက ဖျော်ဖြေခြင်း၊ မကွေး Book Club က ဗိုလ်ချုပ်အမှတ်တရစကားဝိုင်းပြုလုပ်ခြင်း၊ မကွေး Woman Club ၊ အေးချမ်းမေတ္တာနှင့် ရုပ်ရှင်အဖွဲ့များပူးပေါင်း၍ ပဲပြုတ်နံပြားအချပ်ရေ ၄၀၀ ကျွေးမွေးခြင်းများလုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ရန်ကုန်မြို့ပြ အမွေအနှစ် ၂၇ ခုမြောက် အပြာရောင်ကမ္ပည်းပြား ကမ်းနားဟိုတယ်၌ တပ်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ်အဖြစ် ၂၇ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ယမန်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်၌ တပ်ဆင်ခဲ့သည်။

အဆိုပါ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။




ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်

စထရင်းဟိုတယ်ကို အာမေးနီးယန်းဟိုတယ်လုပ်ငန်းရှင် ညီအစ်ကိုများဖြစ်သော Aviet နှင့် Tigran Sarkies တို့က အခန်း ၁၂ ခန်းပါ တည်းခိုခန်းကို ပြင်ဆင်၍ ၁၉၀၁ ခုနှစ်တွင် ဟိုတယ်အဖြစ် ဖွင့်လှစ်ခဲ့သည်။ အခန်း ၆၀ ပါ သုံးထပ်မြင့်သော စထရင်းဟိုတယ်သည် စူးအက်တူးမြောင်း အရှေ့ဘက်ရှိ အကောင်းဆုံးတည်းခိုရန် နေရာအဖြစ် အချိန်တိုအတွင်း ကျော်ကြားခဲ့ပြီး နိုင်ငံတကာမှ တော်ဝင်မိသားစုများ၊ သံတမန်များနှင့် နာမည်ကျော်ပုဂ္ဂိုလ်များ တည်းခိုရာဖြစ်ခဲ့သည်။

၁၉၀၅ ခုနှစ်၌ ပင်မ ဝင်ပေါက်ရှေ့တွင် သံဖြင့်ပြုလုပ်ထားသော အမိုးတစ်ခုကို ထပ်မံထည့်သွင်းဆောက်လုပ်ခဲ့သည်။

၁၉၂၅ ခုနှစ်တွင် စားသောက်ဆိုင်လုပ်ငန်းရှင် အာမေးနီးယန်းလူမျိုး Peter Bugalar Aratoon ဦးဆောင်သော ပိုင်ရှင်သစ်များက လွှဲပြောင်းရယူပြီး ၁၉၃၇ ခုနှစ်တွင် ဟိုတယ်ကို ပြန်လည်ပြင်ဆင်ပြီး ပေါ်တီကို ပါဝင်သော ကွန်ကရစ်အဝင်လမ်းနှင့် မီးဖိုခန်းအသစ်ကို ထပ်မံထည့်သွင်းခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း Imperial Hotel Tokyo က စီမံခန့်ခွဲပြီး ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အထိ Yamato ဟိုတယ်အဖြစ် အမည်ပြောင်း ဖွင့်လှစ်ခဲ့သည်။

တည်းခိုသူ ညှော့သည်မရှိခြင်းကြောင့် ဂျပန်စစ်တပ်က မြင်းဇောင်းအဖြစ်အသုံးပြုခဲ့ရာ ဟိုတယ်မှာ ပျက်စီးခဲ့ရသည်။ စစ်အပြီးတွင် ယင်းနေရာကို စတီးဘရားသား ကုမ္ပဏီက ရှုပီး ၁၀ ဒသမ ၅ သန်းဖြင့် ဝယ်ယူကာ ပြန်လည်ပြင်ဆင်ဖွင့်လှစ်ခဲ့သည်။

ဆိုရှယ်လစ်ခေတ်တွင် ပြည်သူပိုင်ပြုခဲ့ပြီး လျစ်လျူရှုခြင်း ခံခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် မြန်မာအစိုးရနှင့် အင်ဒိုနီးရှားဟိုတယ် လုပ်ငန်းရှင် Adrian Zecha တို့ အကျိုးတူဆောင်ရွက်မှုဖြင့် ဟိုတယ်ကို သုံးနှစ်ကြာ ပြင်ဆင်ပြီး သက်ဝင်စေခဲ့သည်။ လက်ရှိအချိန်တွင် Myanmar Hotel International က စီမံခန့်ခွဲလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် ၂၁ ရာစုနှင့် ကိုက်ညီစေမည့် ပြင်ဆင်မှုများ ခြောက်လကြာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာတွင် ရေကူးကန်၊ အားကစားခန်းမနှင့် ပန်းခြံငယ်တို့ကို ထည့်သွင်းခဲ့ပြီး ရန်ကုန်မြို့ပြ၏ အပန်းဖြေဟိုတယ်တစ်ခုအဖြစ် လည်ပတ်လျက်ရှိသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲ၊ နှစ်ပတ်လည်သုံးသပ်ပွဲနှင့် စံပြကျေးရွာဆုချီးမြှင့်ပွဲများကျင်းပ

**ဘော်လခဲ ဖေဖော်ဝါရီ ၈**

ကယားပြည်နယ် ဘော်လခဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ မြစိမ်းရောင်ကျေးရွာများ၏အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်၍ စီမံကိန်းကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ခရိုင်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ဘောလခဲခရိုင်အတွင်း မြစိမ်းရောင်စီမံကိန်း တစ်ယူနစ် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာပေါင်း ၃၇ ရွာတွင် ၂၅ ယူနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်ကျေးလက်ဦးစီးဌာန**

**မချမ်းဘော**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၀ကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာလူထုစွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက် ကျေးရွာများရှိ ပကတိဖွံ့ဖြိုးရေးလိုအပ်ချက်ကို ကိုယ်တိုင်ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးဆောင်ရွက်မည့် အစီအစဉ်များ ရေးဆွဲခဲ့ကြောင်း၊ အဆိုပါ အစီအစဉ်များ လက်တွေ့ဆောင်နိုင်ရန်အတွက် စီမံကိန်းရန်ပုံငွေများ ပေးအပ်ရခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**

**မိုးကောင်း**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ယခင် ကထက် ပိုမိုအောင်မြင်အောင် ဆောက်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက အမှာစကား ပြောကြားပြီး မြစိမ်းရောင်စံပြကျေးရွာဆု ပထမရရှိသော မြို့ဟောင်းကျေးရွာ၊ ဒုတိယရရှိသော အုတ်ကျင်းကျေးရွာ၊ တတိယ ရရှိသော ဆီးဒင်ယံကျေးရွာများမှ ကော်မတီဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထက် (မိုးကောင်း)**

# မျက်စိအထူးကု ဆရာဝန်များ ကွင်းဆင်းကုသ

**မြစ်သား ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ ရွှေဘုံသာ ဘုန်းတော်ကြီးကျောင်း ကေသီဦးဓမ္မာရုံ၌ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာရီလင်း ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များက ဒေသခံပြည်သူများအား ယမန်နေ့က ကွင်းဆင်းကုသသည်။

ထိုသို့ကုသရာတွင် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာရီလင်း ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များက လာရောက်ကုသကြသော ဒေသခံပြည်သူများအား မျက်စိကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ဆေးကုသခြင်းတို့ကို ဆောင်ရွက်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့က အားပေးကြည့်ရှုကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၇၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၈ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၂ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၄ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၉ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၀ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ ・ ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၆၃၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၈ ・ ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၈၇၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ဆေးသီချင်းကြောင့် မျက်ရည်ကျရသူများအား ကော်နီက တောင်းပန်စကားဆို



ဂီတလောကတွင် သက်တမ်းကြာမြင့်စွာ လှုပ်ရှားနေသူဖြစ်ကာ ယနေ့အထိတိုင် ပရိသတ် အချစ်တော် တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်နေနိုင်ဆဲဖြစ်သည့် ဝါရင့် အမျိုးသမီးတေးသံရှင် ကော်နီက တေးရေး ဝေကြီး ရေးသားပေးထားသည့် 'ဆေး'ဟု အမည်ရသည့် သီချင်းကို သီဆိုခဲ့ပြီး လူမှုကွန်ရက်တွင် တင်ခဲ့ရာ ကြည့်ရှုနားဆင်သူများစွာရှိခဲ့ပြီး အချိန်တိုအတွင်းမှာပင် အလွန်'ပေါက်'သွားသော သီချင်းတစ်ပုဒ်လည်း ဖြစ်ခဲ့သည်။

ထိုဆေးသီချင်းကို ဖန်တီးသီဆိုဖြစ်ခဲ့ပုံနှင့်ပတ်သက်၍ တေးသံရှင်ကော်နီက "ဒီသီချင်းက အခွေလုပ်နေတာ ရှစ်နှစ်လောက် ရှိပါပြီ၊ အဲဒီအခွေထဲမှာပါတဲ့ သီချင်းလေးပါ၊ သီချင်းလေးကလည်း ဝေကြီးဆီက ရခါစ၊ ဆိုချင်စိတ်ရှိတော့ မကော်က ဒီသီချင်းကို မိန်းကလေးလေးယောက် Show ပွဲ The Power Of Four မှာ အသစ်အနေနဲ့ ဆိုလိုက်တယ်၊ ဒီသီချင်းလေးက ဝေကြီးတင်လိုက်တဲ့ Live ကတည်းက ပေါက်နေတာ၊ ပရိသတ်တွေကလည်း ဒီသီချင်းလေးကို သိနေကြတယ်၊ တချို့တွေကဆို ဒီကောင်လေးဆိုထားတဲ့သီချင်းကို မကော်က ပြန်ဆိုတယ်ဆိုပြီး ထင်နေကြတယ်၊ မကော်က ဒီနှစ်မွေးနေ့မှာ မကော်ရဲ့ကျောင်းမှာ ပန္နက်ချတယ်၊ သိမ်အလှူ လှူဖြစ်တယ်၊ 'ဆေး' သီချင်းလေးကိုလည်း မကော်ပရိသတ်ကို မွေးနေ့လက်ဆောင်ပေးမယ်ဆိုပြီး တင်ဖြစ်လိုက်တယ်"ဟု ပြောသည်။

ဆေးသီချင်းကို တေးရေး ဝေကြီးဆီမှ ရရှိပုံနှင့် ပတ်သက်၍လည်း ကော်နီက "ဝေကြီးရဲ့သီချင်းတွေက ကောင်းတဲ့အခါကျတော့ မကော်ရဲ့အခွေထဲမှာ နည်းနည်းထည့်မလားလို့ စိတ်ကူးတယ်၊ ပထမအကြိမ် သူပေးတယ်၊ မကော်က မကြိုက်ဘူး၊ ဒုတိယအကြိမ်ပေးတယ်၊ မကြိုက်သေးဘူး၊ မကော်က တစ်ပုဒ်မကြိုက်၊ တစ်ပုဒ်မကြိုက်ဆိုတော့ သူလည်း နည်းနည်းတင်းလာတယ်ထင်တယ်၊ သူ့ရဲ့ဝှက်ဖဲလေးပေါ့၊ မကော်ကို ထုတ်ပေးတာ၊ မကော် အဲဒီသီချင်းလေးကို တစ်ကြိမ်ပဲနားထောင်တယ်၊ ဒီသီချင်းလေးကို ယူမယ်ဆိုပြီး ယူဖြစ်သွားတယ်၊ မကော်က သီချင်းတစ်ပုဒ်ကို နားထောင်လိုက်တာနဲ့ ဒီသီချင်းက ဘယ်လိုမျိုးလဲဆိုတာ မကော်သိတယ်၊ ကိုယ်လည်း သီချင်းဆိုလာတာ နှစ် ၃၀ ကျော်လာပြီဆိုတော့ ဒီသီချင်းလေးကို နားထောင်လိုက်တာနဲ့ တန်းယူဖြစ်သွားတာပါ" ဟု ဆက်ပြောပြသည်။

ဆေးသီချင်းမှာ အချိန်တိုအတွင်း ပေါက်ခဲ့သည့် သီချင်းဖြစ်သလို သီချင်းကြောင့် ခံစားရသည်၊ ဝမ်းနည်းရသည်ဟု ဆိုလာသူများ ရှိနေခြင်းနှင့်ပတ်သက်၍လည်း ကော်နီက "ဒီသီချင်းက တချို့တွေကို ငိုစေတယ်၊ တစ်ခါတလေကျရင် စဉ်းစားမိတယ်၊ ဘုန်းကြီးတွေ ဟောထားတာရှိတယ်၊ အနုပညာသမားဆိုတာ လူတွေကို ပျော်အောင်လည်းလုပ်တယ်၊ ငိုအောင်လည်း လုပ်တယ်၊ အသည်းကွဲတယ်၊ ဝမ်းနည်းတယ် မျိုးစုံလုပ်ပေးနိုင်တဲ့အတွက် အနုပညာသမားတွေက ငရဲကြီးတယ်တဲ့၊ ငါ့ကြောင့် ငိုကုန်ကြတယ်ဆိုတော့ ငါများငရဲကြီးပြီလားလို့ စိတ်ထဲမှာ အဲဒီလိုမျိုးတောင်ဖြစ်ပါတယ်၊ တော်တော်များများ Comment တွေ ဖတ်ကြည့်တဲ့အခါ ဒီအရွယ်ရောက်မှ ငိုလိုက်ရတာလို့ ရေးထားတဲ့စာမျိုး တွေ့ရင် စိတ်ထဲမှာ အားလည်းနာတယ်၊ ကြည်လည်းကြည်နူးတယ်၊ စိတ်မကောင်းလည်း ဖြစ်ရတယ်"ဟု ဆက်ပြောပြခဲ့သည်။

**ကိုလင်း**

# သီချင်းဆိုပြိုင်ပွဲများတွင် စစ်မှန်သော အနုပညာအရည်အသွေးအပေါ်တွင်သာ ရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်း စောခူဆဲလ်ပြောကြား

ပြီးဆုံးသွားခဲ့သည့် 'အိပ်မက်ဆုံရာ ရာသက်ပန်' သီချင်းဆိုပြိုင်ပွဲကြီး၏ အကဲဖြတ်တစ်ဦးဖြစ်သလို The Voice Myanmar သီချင်းဆိုပြိုင်ပွဲတွင်လည်း ဝါသနာရှင်များအား စိစစ်ရွေးချယ်ပေးသူအဖြစ် လုပ်ကိုင်နေသည့် တေးရေး စောခူဆဲလ်အနေဖြင့် လက်ရှိ သီချင်းဆိုပြိုင်ပွဲအချို့တွင် စီးပွားရေးဆန်သည့်လုပ်ကွက်များရှိနေသည်ဟု ဆိုကြသည်ကို မသိကြောင်း ပြောကြားသည်။

"ကျွန်တော် သီချင်းဆိုပြိုင်ပွဲတွေမှာ အကဲဖြတ်ဒိုင်အဖြစ်လုပ်လာတာ The Voice Myanmar နဲ့ ပြီးဆုံးသွားခဲ့တဲ့ အိပ်မက်ဆုံရာ ရာသက်ပန် ဆိုပါတော့၊ အဲဒီမှာ အဆိုပြိုင်ပွဲဝင်တဲ့ လူငယ်လေးတွေက သူတို့ရဲ့ကြီးမားတဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ပြိုင်ပွဲကိုလာကြတာပါ၊ အတော်အသင့် အောင်မြင်တဲ့သူရှိသလို ကျရှုံးသွားသူတွေလည်း ရှိတာပေါ့နော်၊ အဲဒီမှာ ဘာတွေကြားရလဲဆိုတော့ စီးပွားရေးဆန်ဆန်လုပ်ကြတဲ့ပြိုင်ပွဲတွေ ရှိတယ်လို့ဆိုတယ်၊ အဲဒါတွေတော့ ကျွန်တော် သေချာမသိဘူး၊ ကျွန်တော် အဲဒီကိစ္စတွေ သေချာမသိသလို လေ့လည်း မလေ့လာထားဘူး"ဟု ပြောသည်။



၎င်းအနေဖြင့် ပြိုင်ပွဲများတွင် ပုဂ္ဂိုလ်စွဲမထားကြောင်း၊ လက်တွဲခေါ်၍ မရနိုင်သူကို ခေါ်ယူခြင်းမပြုကြောင်း၊ စစ်မှန်သော အနုပညာအရည်အသွေးအပေါ်တွင်သာ ရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အခြားပြိုင်ပွဲများမှ အကဲဖြတ်များအနေဖြင့် စီးပွားရေးဆန်ဆန်လုပ်ကွက်များ ရှိနေလျှင် ဖယ်ထုတ်ထားပြီး သေချာ စိစစ်ရွေးချယ်ပေးစေလိုကြောင်းလည်း ပြောကြားခဲ့ကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဂီတဝါသနာရှင်များအတွက်လည်း ယခုလို သုံးသပ်အကြံပြုပေးခဲ့သည်။

"ကျွန်တော်က ပြိုင်ပွဲဝင်နေတဲ့သူတွေရဲ့ ကြိုးစားမှုနဲ့ ဖြစ်ချင်နေတဲ့စိတ်ကို အဲဒီလူတွေရဲ့ရှင်ထဲကို ဝင်ကြည့်ပြီး သုံးသပ်ပါတယ်၊ အဲဒါကိုပဲ အဓိကထားတယ်၊ တော်ရင်တော်သလို၊ ကြိုးစားရင် ကြိုးစားသလို ကျွန်တော် ရွေးချယ်ပါတယ်၊ သုံးသပ်တယ်ဆိုတာက ဒီပြိုင်ပွဲဝင်လေးကတော့ ဒီပုံလေးဆိုလိုက်ရင် ကောင်းမှာပဲ၊ ဘယ်သီချင်းကတော့ ဒီလိုလေးဆိုသင့်တယ် ဆိုတာမျိုးလောက်ပါ၊ ကြိုးစားနေတဲ့ ကလေးတွေကို ဂီတပိုင်းကို သင်ပေးပြပေးတာမျိုးတွေ ကျွန်တော် အဓိကထားပြီး လုပ်ခဲ့ပါတယ်၊ ဒိုင်လုပ်တာမျိုးမဟုတ်ဘဲ ဂီတပညာကို မျှဝေတဲ့သူအဖြစ်နဲ့ဆိုလည်း မမှားပါဘူး၊ အားလုံးကို ဂီတနဲ့ပတ်သက်ရင် ကြိုဆိုပြီးသားပါ"ဟုလည်း တေးရေး ဆရာစောခူဆဲလ်က ပြောသည်။

**ကိုလင်း**

# ဇင်ဇင်ဇော်မြင့်၏ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရုပ်ရှင်များ ဆက်လက်ထုတ်လုပ်မည်



သရုပ်ဆောင် ဇင်ဇင်ဇော်မြင့်အနေဖြင့် အနုပညာလောကနှင့် အချိန်အတော်ကြာကင်းကွာနေခဲ့ပြီးနောက်တွင် ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးဖြစ်သည့် CKKP ကို တည်ထောင်ကာ သရုပ်ဆောင် ဇေရဲထက်နှင့်အတူ 'ရာဇဝင်ရိုင်းခဲ့သည်'ရုပ်ရှင်တွင် သရုပ်ဆောင်၍ အနုပညာလောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

ဆက်လက်လုပ်ဆောင်သွားမည့် အနုပညာလုပ်ငန်းများနှင့် ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသွားမည့်ရုပ်ရှင်များနှင့်ပတ်သက်၍ ဇင်ဇင်ဇော်မြင့်က "ထုတ်လုပ်ရေးအတွက် ဇာတ်ကားတွေကို ရွေးချယ်နေပါတယ်၊ ပရိသတ်တွေ ရသတစ်ခုကို ခံစားရစေမယ့် ဇာတ်လမ်းတွေကို ရွေးချယ်ရိုက်ကူးမှာပါ၊ အရင်က သရုပ်မဆောင်ခဲ့ဖူးတဲ့ ဇာတ်ကောင်စရိုက်တွေကိုလည်း သေချာရွေးနေလို့ပါ၊ ဇင်တို့ရဲ့ CKKP ရုပ်ရှင်ထုတ်လုပ်ရေးကနေ ပထမဆုံး ပွဲဦးထွက်ဇာတ်ကားဖြစ်တဲ့ ရာဇဝင်ရိုင်းခဲ့သည်ဇာတ်ကားမှာ ပရိသတ်ရဲ့အားပေးမှုကို ရခဲ့တာမို့ နောက်ထပ်လည်း ပရိသတ်အကြိုက်နဲ့ ထပ်တူကျမယ့်ကားတွေ ရိုက်ဖို့ရှိတယ်၊ ဇင်ဇင်ဇော်မြင့်အနေနဲ့ ပရိသတ်ရဲ့အားပေးမှုကြောင့်သာ အနုပညာလောကထဲကို တစ်ကျော့ပြန် ဝင်ရောက်ခွင့်ရခဲ့တာဖြစ်ပြီး ပရိသတ်တွေအတွက် အနုပညာအလုပ်တွေကို ဆက်တိုက်လှုပ်ရှားသွားမှာပါ"ဟု ပြောသည်။

ဇင်ဇင်ဇော်မြင့်သည် အနုပညာလောကထဲသို့ မော်ဒယ်တစ်ဦးအဖြစ် စတင်ဝင်ရောက်လာခဲ့ပြီး အယ်လ်လွန်းဝါ၏ အချစ်မျက်ဝန်းသီချင်းတွင် ပါဝင် သရုပ်ဆောင်ခဲ့ရာမှ ပရိသတ်များ စတင်သတိပြုမိခဲ့သလို နောက်ပိုင်းတွင်လည်း သရုပ်ဆောင် ရာဇာနေဝင်းနှင့် အတွဲညီညီ သရုပ်ဆောင်နိုင်ခဲ့၍ ပရိသတ်၏ အားပေးမှုများကို ရရှိခဲ့သည်။

**ကိုလင်း**

# ပန်းရောင်ခြယ်၏ တစ်ကိုယ်တော်အခွေ သင်္ကြန်အပြီးတွင် ထွက်ရှိမည်

အဆိုတော် ဂရေဟမ်၏ သမီးကြီးဖြစ်သူ ပန်းရောင်ခြယ်အနေဖြင့် ဖခင်ဖြစ်သူနှင့်အတူ Wake Up Daddy ဟုအမည်ရသည့် တေးစီးရီးခွေ ထွက်ရှိခဲ့ပြီးနောက် သီချင်းအသစ်များဖြင့် အောင်မြင်မှုများရရှိနေသလို လာမည့် သင်္ကြန်အပြီးတွင် ပထမဆုံး တစ်ကိုယ်တော်အခွေသစ် ထွက်နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

"လတ်တလော ရန်ကုန်နဲ့ နယ်ရှိုးပွဲတွေဆိုတယ်၊ သင်္ကြန်ပြီးရင် ပန်းရောင်ရဲ့ တစ်ကိုယ်တော်အခွေ ထွက်ဖို့ရှိပါတယ်၊ ပြီးတော့ ပန်းရောင်က အခွေထွက်ဖို့ကြိုးစားရင်းနဲ့လည်း ကြော်ငြာလေးတွေရိုက်ဖို့ရှိရင် ရိုက်ပါတယ်၊ ပန်းရောင်က တစ်ယောက်တည်းဆိုရတာထက် ဒယ်ဒီနဲ့ နှစ်ယောက်ဆိုရတာ ပိုပျော်တယ်၊ ဒယ်ဒီကလည်း ပန်းရောင်အခွေအတွက် ကူပြီးလုပ်ပေးပါတယ်၊ သီချင်းတွေလည်း ကူရေးပေးတယ်၊ ပန်းရောင်ကိုယ်တိုင် သီချင်းရေးထားတာတွေလည်းရှိတယ်၊ ပန်းရောင်ရဲ့ပထမဆုံး တစ်ကိုယ်တော်အခွေဆိုတော့ ပရိသတ် လက်ခံနိုင်မယ့်၊ ပန်းရောင်လည်းကြိုက်တဲ့ သီချင်းမျိုးကို ကြားချပြီးတော့ လုပ်ထားပါတယ်"ဟု ပြောသည်။



သီချင်းရေးခြင်း၊ ဆိုခြင်းနှင့် ကြော်ငြာရိုက်ကူးခြင်းများကိုပါ လုပ်နေသည့် ပန်းရောင်ခြယ်က ဆက်လက်လုပ်ဆောင်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍လည်း "သီချင်းရေးရတာ အခက်အခဲရှိပေမယ့် များများရေးရင် ပိုပြီး သီချင်းကောင်းလေးတွေ ထွက်လာမယ်လို့ ထင်ပါတယ်၊ သီချင်းရေးတဲ့အခါ ပီယာနိုတီးပြီး ရေးလေ့ရှိသလို အလွတ်ရေးတာတွေလည်းရှိတယ်၊ ပန်းရောင်က ငယ်ငယ်ကတည်းက သီချင်းဆိုတာ ဝါသနာပါတယ်၊ ပန်းရောင်ကို အားပေးတဲ့သူရှိရင်တော့ ရှေ့ဆက်ဖို့အတွက် ခွန်အားတွေ ရတာပေါ့နော်၊ ဒီအခွေလေး ပြီးအောင်လုပ်ပြီးရင် သရုပ်ဆောင်ဘက်ကိုလည်း ဒီနှစ်ထဲမှာလုပ်ဖို့ အစီအစဉ်ရှိပါတယ်၊ အခုတော့ ဆွေးနွေးနေတုန်းပါ"ဟု ဆက်ပြောသည်။

**ကိုလင်း**

# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## အော်စကာအခမ်းနားမှူးအဖြစ် သူ့ကို အရင်ကမ်းလှမ်းခဲ့တာပါလို့ ဒဝိန်းဂျွန်ဆင်ပြော

ကီဗင်ဟာ့ဒ်ကို အော်စကာအခမ်းအနားမှူးအဖြစ် ရွေးချယ်ခဲ့စဉ်က ရုပ်ရှင်သရုပ်ဆောင် ဒဝိန်းဂျွန်ဆင်က သူ့ဆီကို အကယ်ဒမီအဖွဲ့က အရင်ဆုံးလာပြီး အော်စကာ အခမ်းအနားမှူးအဖြစ် ကမ်းလှမ်းခဲ့တာပါလို့ ဖြေခဲ့ပါတယ်။ ဗုဒ္ဓဟူးနေ့မှာတော့ ဒဝိန်းဂျွန်ဆင်ရဲ့ ပရိသတ်တွေက သူ့ကို အော်စကာအခမ်းအနားမှူးဖြစ်သင့်တယ်လို့ ဝေဖန်အကြံပြုကြတဲ့အခါ အခုလိုတုံ့ပြန်ပြောကြားခဲ့တာပဲဖြစ်ပါတယ်။

"ယခုနှစ် အော်စကာအခမ်းအနားအတွက် ကျွန်တော့်ကို အရင်ကမ်းလှမ်းခဲ့ကြတာပါ။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကလည်း အော်စကာညမှာ ပရိသတ်အားလုံးကို ပျော်အောင် လုပ်ပေးဖို့ပါပဲ။ ဒါပေမယ့်လည်း ဂျူမန်းဂျီဇာတ်ကားအဆက်ကို ရိုက်လက်စဖြစ်နေတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"လို့ အော်စကာအဖွဲ့က ဒီနှစ်အော်စကာဆုပေးပွဲအတွက် အခမ်းအနားမှူးမရှိဘူးဆိုတာ တရားဝင်ကြေညာပြီး ရက်အနည်းငယ်အကြာ ဒဝိန်းဂျွန်ဆင်ဘက်က ဒီလိုမျိုးမှတ်ချက်ပေးတာတွေ ရှိလာတာပါ။

ကီဗင်ဟာ့ဒ်ကို ဒီဇင်ဘာလအတွင်းက အော်စကာအခမ်းအနားမှူးအဖြစ် ကြေညာခဲ့ပေမယ့် တွစ်တာပေါ်မှာ လိင်တူချစ်သူတွေကို လှောင်ပြောင်တဲ့ စာတွေ ရေးသားဖူးတယ်ဆိုတဲ့ အငြင်းပွားဖွယ်အချက်ကြောင့် အခမ်းအနားမှူးအဖြစ် ရွေးချယ်ခံရတာကို ရုပ်သိမ်းခံလိုက်ရပါတယ်။ ဟာ့ဒ်နဲ့ဂျွန်ဆင်တို့ဟာလည်း ၂၀၁၇ ခုနှစ်က Jumanji : Welcome to the Jungle ဆိုတဲ့ဇာတ်ကားမှာ အတူတွဲပြီးသရုပ်ဆောင်ခဲ့ကြကာ ခင်မင်ရင်းနှီးကြတဲ့ သူငယ်ချင်းတွေလည်း ဖြစ်ပါတယ်။ (၉၁) ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားကိုတော့ ဖေဖော်ဝါရီ ၂၄ ရက်မှာ ကျင်းပသွားမှာပဲဖြစ်ပါတယ်။

**စီအင်န်အင်န်**



ဒဝိန်းဂျွန်ဆင်

## အာရီယာနာဂရန်ဒီ ဂရမ်မီဆုပေးပွဲ မတက်ဟု သတင်းထွက်ပေါ်

အဆိုတော် အာရီယာနာဂရန်ဒီဟာ တနင်္ဂနွေနေ့ညမှာ ကျင်းပမယ့် ဂရမ်မီဆုပေးပွဲမှာ ဖျော်ဖြေဖို့ စီစဉ်ထားခဲ့ပေမယ့် အခုအခါမှာတော့ အဲဒီအစီအစဉ်ကို ဖျက်သိမ်းဖို့ ဆုံးဖြတ်လိုက်ပုံပါပဲ။ ဒါ့အပြင် ဂရမ်မီဆုပေးပွဲကို တက်ချင်မှလည်း တက်တော့မယ်လို့ အာရီယာနာဂရန်ဒီနဲ့ ရင်းနှီးတဲ့သူတစ်ယောက်က စီအင်န်အင်န်ကို ပြောပါတယ်။ အကြောင်းအရင်းကတော့ ပွဲစီစဉ်ထုတ်လုပ်သူတွေနဲ့ အငြင်းပွားမှုဖြစ်ပွားခဲ့လို့ပါပဲ။

ပရိဂျူဆာတွေက အာရီယာနာဂရန်ဒီကို ဘယ်သီချင်းဆိုရမယ်ဆိုတာ သတ်မှတ်ပေးမှုနဲ့ ပတ်သက်ပြီး အငြင်းပွားကြတာပါ။ ဂရန်ဒီရဲ့ Thank U, Next drops Friday အယ်ဘမ်တို့ဟာ အကောင်းဆုံး ပေါ့သီချင်းအယ်ဘမ်နဲ့ အကောင်းဆုံး ဖျော်ဖြေမှုတို့အတွက် ဆန်ခါတင်စာရင်းဝင်ထားပါတယ်။ အာရီယာနာဂရန်ဒီက 7 Rings သီချင်းနဲ့ ဖျော်ဖြေဖို့ လုပ်ထားပေမယ့် ပရိဂျူဆာတွေက အဲဒီသီချင်းကို ငြင်းလိုက်ပါတယ်။

အဲဒီနောက် အာရီယာနာ ဒုတိယရွေးထားတဲ့သီချင်းကို အခြေအနေအရ ရွေးလိုက်ရပါတယ်။ အဲဒီအတွက် အငြင်းပွားကြတာပါလို့ အာရီယာနာဂရန်ဒီနဲ့ ရင်းနှီးသူတစ်ဦးက ပြောပါတယ်။ အာရီယာနာရဲ့ ဖျော်ဖြေမှုမပါရင်တောင် ဂရမ်မီဆုပေးပွဲမှာ ဖျော်ဖြေပေးကြမယ့် နာမည်ကျော်တွေကလည်း အများကြီးပါပဲ။ ကာဒီဘီ၊ ရှိုင်ဝင်မန်းဒတ်၊ ကာမီလာကာဘီလို၊ ပို့စ်မယ်လုံးအစရှိတဲ့ နာမည်ကျော်တွေက ဖျော်ဖြေသွားကြမှာပဲဖြစ်ပါတယ်။

**စီအင်န်အင်န်**



အာရီယာနာဂရန်ဒီ



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၇)

**မောင်ခင်မင် (ဓနုဖြူ)**

"တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီး ပြောတဲ့ ဆိုတဲ့အခါ 'မင်း'၊ 'ငါ'၊ 'ရှင်'၊ 'ကျွန်မ' ဆိုတဲ့ တိုက်ရိုက်အညွှန်းစကားတွေနဲ့ လူပုဂ္ဂိုလ်ချင်း ရည်ညွှန်းပြောဆိုရသလို ပြောတဲ့စကားထဲမှာ ပါတဲ့နေရာတွေကို တိုက်ရိုက်ရည်ညွှန်းပြောရတဲ့စကားတွေလည်း ရှိတယ်ကွဲ့"

"သြော်... ဟုတ်ကဲ့။ ဘယ်လိုစကားတွေလဲ ဘဘ"

"ဒီစကားတွေ သမီးသိပြီးသားပါ။ ဘဘတို့ မြန်မာစကားမှာ အသုံးတွင်တဲ့ စကားနှစ်လုံးကတော့ 'ဒီ နဲ့ ဟို' ပဲ"

"ဟုတ်ကဲ့"

"ကဲ... သမီးကိုမေးရဦးမယ်။ အဲဒီစကားနှစ်လုံးကို ဘယ်လိုအခြေအနေမှာသုံးသလဲ။ စဉ်းစားကြည့်စမ်းပါ"

"သမီး ပြောကြည့်ပါ့မယ်။ အနီးအနားကဟာကို ညွှန်းရင် 'ဒီ' လို သုံးပါတယ်။ 'ဒီစာအုပ်၊ ဒီအိတ်' လို့ ပြောရင် အနီးအနားကို ဆိုလိုပါတယ်"

"ဟုတ်ပြီ"

"'ဟို' ကတော့ အဝေးကို ညွှန်းတဲ့အခါ သုံးပါတယ်။ 'ဟိုသစ်ပင်၊ ဟိုကလေး' လို့ ပြောရင်တော့ ခပ်ဝေးဝေးမှာ ရှိနေတဲ့ဟာတွေကို ဆိုလိုတယ်လို့ ထင်ပါတယ် ဘဘ"

"ဟုတ်ပါပြီ။ သမီးတို့သဒ္ဒါမှာ သင်ရတဲ့ အညွှန်းစကားတွေပါပဲ။ စာသုံးဆိုရင်တော့ 'ထို' နဲ့ 'ဤ' ပေါ့။ အပြောမှာတော့ 'ဟို' နဲ့ 'ဒီ' ပေါ့ကွယ်"

> **"အကောင်းအထည်မရှိတဲ့ ကိစ္စတွေကိုလည်း 'ဟို' 'ဒီ' ဆိုပြီး ညွှန်းကြပါတယ်။ 'ဟိုကိစ္စ' လို့ပြောရင် ခပ်ဝေးဝေးကိစ္စလို့ နားလည်နိုင်သလို 'ဒီကိစ္စ' လို့ ပြောရင် အခုလောလောဆယ် ပြောနေတဲ့ကိစ္စလို့ နားလည်နိုင်တာပေါ့ကွယ်။ အကောင်းအထည်ရှိတဲ့ ပစ္စည်းတွေကို လက်နဲ့ညွှန်ပြလို့မရပေမယ့် ပြောတဲ့စကား အဆက်အစပ်အရ နားလည်နိုင်ပါတယ်"**

"ဟုတ်ပါတယ် ဘဘ"

"ခုပြောနေတာက စကားပြောရာမှာ လက်တွေ့သုံးပုံကို ပြောနေတာဆိုတော့ အပြောစကားကို သာဓကပြတာ ဆီလျော်ပါတယ်။ အရင်းခံကတော့ 'ဟို' နဲ့ 'ဒီ' ပေါ့။ ဒါပေမယ့် 'ဟို' ကို မူတည်ပြီး 'အဲဟို' 'ဟောဟို ဟိုဟာ' လို့ သုံးနိုင်သလို 'ဒီ' ကို မူတည်ပြီး 'အဲဒီ၊ ဟောဒီ၊ ဒီဟာ' လို့ သုံးနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကိုယ်နဲ့ ခပ်လှမ်းလှမ်းကဟာကို ညွှန်းရင် 'ဟိုလူ၊ အဲဟိုလူ' လို့ညွှန်းပြီး ပြောသလို ကိုယ့်အနားကဟာကို ညွှန်းရင် 'ဒီအိမ်၊ အဲဒီအိမ်' လို့ ညွှန်းပြီး ပြောလေ့ရှိတာပေါ့"

"ဟုတ်ကဲ့ပါ။ အဲဒီစကားတွေဟာ လတ်တလော အခြေအနေမှာ လက်တွေ့ညွှန်းပြီး သုံးရတယ်ဆိုတာ ဘဘက လက်တွေ့သက်သေပြမယ်လေ"

"ပြပါ ဘဘ"

"ဆိုပါတော့ကွယ်။ သမီးက စာအုပ်ဆိုင်တစ်ဆိုင်ကို သွားပြီး ဘာအမှုအရာမှ မပြဘဲ 'ဟိုစာအုပ်ခဏပြပါ' လို့ ပြောတယ် ဆိုပါတော့။ စာအုပ်ရောင်းတဲ့သူက ဘယ်စာအုပ်ကို ပြမယ်ထင်သလဲ"

"ဟာ... သမီးက ကြည့်ချင်တဲ့ စာအုပ်ကို လက်ညှိုးထိုးပြပြီးပြောမှ သမီးဘယ်စာအုပ်ပြခိုင်းတယ်ဆိုတာ သူသိမှာပေါ့။ သမီးက လက်ညှိုးထိုးမပြရင် ဘယ်စာအုပ်ကြည့်ချင်မှန်း သူဘယ်သိနိုင်ပါ့မလဲ"

"အဲဒါကို ပြောချင်တာပါ။ အဲဒီစကားတွေသုံးရင် လက်တွေ့အမူအရာတစ်ခုခုတော့ ပါရမှာပေါ့။ လက်ညှိုးထိုးပြချင်ပြ၊ စာအုပ်ဘက်ကို မေးထိုးပြီးပြရင်လည်းပြ၊ အမူအရာတစ်ခုခုတော့ ပြရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ရောင်းတဲ့သူက စာအုပ်တွေအများကြီး ဖြန့်ထားပြီး 'ဟိုစာအုပ်ယူမလား၊ ဒီစာအုပ်ယူမလား' လို့ ဘာကိုမှ မညွှန်ပြဘဲမေးရင် အဲဒီ 'ဟို၊ ဒီ'ဆိုတဲ့ စကားတွေက ဘာအဓိပ္ပာယ်မှ မပေါ်ဘူးလေ။ ခပ်ဝေးဝေးက စာအုပ်နဲ့ အနားက စာအုပ်ကို လက်နဲ့ ညွှန်ပြပြီးပြောမှ 'ဟို' 'ဒီ'ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ပေါ်မှာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"အကောင်းအထည်မရှိတဲ့ ကိစ္စတွေကိုလည်း 'ဟို' 'ဒီ' ဆိုပြီး ညွှန်းကြပါတယ်။ 'ဟိုကိစ္စ' လို့ပြောရင် ခပ်ဝေးဝေးကိစ္စလို့ နားလည်နိုင်သလို 'ဒီကိစ္စ' လို့ ပြောရင် အခုလောလောဆယ် ပြောနေတဲ့ကိစ္စလို့ နားလည်နိုင်တာပေါ့ကွယ်။ အကောင်းအထည်ရှိတဲ့ ပစ္စည်းတွေကို လက်နဲ့ညွှန်ပြလို့မရပေမယ့် ပြောတဲ့စကား အဆက်အစပ်အရ နားလည်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"စိတ်ဝင်စားစရာတစ်ခုပြောရဦးမယ်။ ဘဘတို့ မြန်မာစကားမှာ 'ဟို' နဲ့ 'ဒီ' ဆိုတဲ့ စကားနှစ်လုံးနဲ့ အဝေးအနီးညွှန်းတာမို့ ဘာသာစကားတိုင်း အဲဒီလို ညွှန်းမှာပဲလို့ ဘဘအရင်က ထင်ခဲ့တယ်။ လေ့လာကြည့်တော့ အဲဒီလို အဝေးအနီး ရည်ညွှန်းပုံ ကွဲလွဲတဲ့ ဘာသာစကားတွေလည်း ရှိတယ်ဆိုတာ သိရတယ်ကွဲ့။ အင်္ဂလိပ်စကားကတော့ ဘဘတို့မှာ 'ဟို၊ ဒီ' လို့ သုံးသလို 'That နဲ့ This', those နဲ့ these, there နဲ့ here ဆိုပြီး အဝေးအနီး ခွဲသုံးတာမို့ အဝေးအနီး ရည်ညွှန်းပုံချင်း တူတယ်လို့ ပြောနိုင်ပါတယ်"

"ဟုတ်ကဲ့"

"အဲ... ဂျပန်စကားမှာတော့ ဒီလိုမဟုတ်ဘူးကွဲ့။ ပြောတဲ့သူနဲ့ နီးရင် ခို(ko-) နားထောင်တဲ့သူနဲ့နီးရင် ဆို (so-) နှစ်ယောက်စလုံးနဲ့ ဝေးရင် အာ (a-) လို့ ခွဲသုံးတယ်။ အဲဒီစကားလုံးတွေရဲ့နောက်ကနေပြီး ရည်ညွှန်းမယ့်ပစ္စည်းတို့၊ လူတို့ကို တွဲတာပေါ့။ ဒီတော့ ဂျပန်စကားမှာ အဝေးအနီးကို နှစ်မျိုးတည်းမဟုတ်ဘဲ သုံးမျိုးခွဲသုံးတဲ့ စနစ်ရှိတယ်။ တချို့စကားတွေမှာကျတော့ ပြောသူနဲ့ နီးတဲ့ဟာကို တစ်မျိုး၊ နားထောင်သူနဲ့ နီးတဲ့ဟာကို တစ်မျိုး၊ နှစ်ယောက်လုံးနဲ့ ဝေးပေမယ့် မြင်ရသေးရင် တစ်မျိုး၊ မမြင်ရတော့ရင် တစ်မျိုး အားလုံး လေးမျိုးတောင် ခွဲသုံးတယ်လို့ ဘာသာစကားလေ့လာတဲ့ ပညာရှင်တွေက ပြောကြတယ်"

"မှတ်သားထားပါ့မယ် ဘဘ"

"လူမျိုးအလိုက် လောကကို ရှုမြင်ပုံ၊ ခံယူပုံတွေကို အဲဒီလူမျိုးရဲ့ ဘာသာစကားက ဖော်ပြနေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အနီးအဝေးဆိုတာလည်း ပြောသူရဲ့နေရာ ရွေ့လျားတာကို လိုက်ပြီးပြောင်းတတ်တာပဲလေ။ သမီး ရန်ကုန်ကနေ မန္တလေးကို ကားနဲ့ သွားတယ်ဆိုပါတော့။ ရန်ကုန်မှာတုန်းက ရန်ကုန်ကို 'ဒီမြို့' လို့ ညွှန်းပြီး အဝေးက မန္တလေးမြို့ကို 'ဟိုမြို့' လို့ညွှန်းတယ် မဟုတ်လား။ အဲ... သမီးမန္တလေးရောက်သွားတော့ ရောက်နေတဲ့ မန္တလေးက 'ဒီမြို့' ဖြစ်ပြီး အဝေးမှာကျန်ခဲ့တဲ့ ရန်ကုန်က 'ဟိုမြို့' ပြန်ဖြစ်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ။ စိတ်ဝင်စားစရာကောင်းပါတယ်"

"ဘဘတို့ မြန်မာစကားမှာ 'လာ' နဲ့ 'သွား' ဆိုတဲ့ စကားနှစ်လုံးဟာ အဝေးအနီးလိုက်ပြီး အသုံးပြောင်းတာမို့ စိတ်ဝင်စားစရာ ကောင်းတယ်။ ယေဘုယျပြောရရင်တော့ 'လာ' က ပြောသူဘက်ကို ရည်ညွှန်းပြီး 'သွား' က ပြောသူနဲ့ ဆန့်ကျင်တဲ့ဘက်ကို ရည်ညွှန်းတယ်လို့ ပြောနိုင်တယ်။ 'ဆရာကျောင်းကို ဆိုင်ကယ်နဲ့ လာတယ်' လို့ ပြောရင် ပြောတဲ့သူက ကျောင်းမှာ ရှိနေပြီး၊ ဆရာက ပြောတဲ့သူဘက်ကို ရှေးရှုတဲ့သဘောပေါ့။ 'ဆရာကျောင်းကို ဆိုင်ကယ်နဲ့ သွားတယ်လို့' ပြောရင်တော့ ပြောတဲ့သူက ကျောင်းမှာ မရှိဘူး။ တခြားနေရာမှာရှိတယ်။ ဆရာက အဲဒီနေရာနဲ့ ဆန့်ကျင်တဲ့ ကျောင်းဘက်ကို သွားတယ်လို့ အဓိပ္ပာယ်ရတာပေါ့"

"သမီးတော့ မျက်စိလည်ချင်သလိုပဲ ဘဘ။ ဒါပေမယ့် စိတ်ဝင်စားစရာကောင်းပါတယ်"

"'ငါ့အခန်းထဲကိုလာ' လို့ခိုင်းရင် ပြောတဲ့သူက အခန်းထဲမှာ ရှိနေပြီး သူရှိတဲ့ဆီ လာခိုင်းတာမဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"'ငါ့အခန်းထဲကို သွား' လို့ ခိုင်းရင် ပြောတဲ့သူက ဘယ်မှာရှိမလဲ"

"ပြောတဲ့လူက အခန်းထဲမှာ မဟုတ်ဘဲ တစ်နေရာရာမှာ ရှိနေပြီး သူမရှိတဲ့ဘက်မှာ ရှိနေတဲ့ အခန်းထဲကို သွားခိုင်းတာပါ ဘဘ"

"ဟုတ်ပါပြီ။ အဲဒီ လာနဲ့ သွားကို တစ်လုံးချင်း မသုံးဘဲ တခြားကြိယာနဲ့ တွဲပြီး ကြိယာထောက်အဖြစ် သုံးတာမျိုးလည်း ရှိတယ်။ အဲဒီလိုသုံးရင်လည်း အဝေးအနီးသဘောက တစ်လုံးချင်းသုံးတာနဲ့ သဘောချင်းတူတယ်"

"ပြောပြပါ ဘဘ"

"ပြောသူက 'ကျွန်တော်မုန့်ဝယ်လာတယ်' လို့ ပြောရင် ပြောသူရှိနေတဲ့ နေရာမှာပြောတာဖြစ်မှာပေါ့။ တခြားနေရာကနေပြီး အခုသူရှိနေတဲ့နေရာကို ရွေ့လျားလာတဲ့ သဘောပေါ့။ 'ကျွန်တော် မုန့်ဝယ်သွားတယ်' လို့ပြောရင်တော့ ပြောသူက အခုပြောတဲ့ နေရာမှာ မရှိဘဲ တခြားနေရာကို ရွေ့လျားသွားတုန်းက အကြောင်းကို ပြောတာဖြစ်မှာပေါ့။ အေးအေးဆေးဆေး စဉ်းစားကြည့်လေ"

"ဟုတ်ကဲ့ပါ"

"အိပ်ပျော်သွားတယ်နဲ့ 'နိုးလာတယ်' ဆိုတဲ့ စကားနှစ်လုံးကို ယှဉ်ကြည့်လေ။ 'သွား' က ဝေးသွားတဲ့သဘော။ 'လာ' က မူလနေရာကို ပြန်ရောက်လာတဲ့ သဘောလို့ ခံစားရနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'အဘွားက အသက်ကြီးသွားပြီ' လို့ ပြောရင် အိုတဲ့ဘက်ကို ရွေ့သွားတဲ့အဓိပ္ပာယ်ပဲ။ 'သမီးလေးကြီးလာပြီ' လို့ ပြောရင်တော့ ဖွံ့ဖြိုးလာပြီလို့ လိုလိုလားလားပြောတဲ့သဘောပဲ။ 'ကြီးသွားပြီ' က ဝေးသွားပြီး 'ကြီးလာပြီ' က နီးလာတဲ့သဘောပေါ့ကွယ်။ အသုံးကွဲပြားသလို အနက်အဓိပ္ပာယ်ကလည်း သိမ်မွေ့ပါတယ်။ ကဲ... နားကြဦးစို့။ ။



# ဂုဏ်ယူဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ စယ်ဟိုင်းကျေးရွာနေ **ဦးစိုင်းမောင်ထွန်း (အွန်ဟော်ကုမ္ပဏီ)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် **သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ချီးမြှင့်ခြင်းခံရသည့်အတွက် ချစ်ဇနီး၊ သားသမီးများ၊ မောင်နှမများ၊ ဆွေမျိုးများနှင့် အွန်ဟော်ကုမ္ပဏီဝန်ထမ်းများမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်တိုးတက် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဇနီး - သုဓမ္မသီရိ နန်းမြစိန်**
**သားသမီးများ - စိုင်းကွမ်းလှိုင်း-နန်းလှမွန်ချစ်**
**စိုင်းဆမ်ဆိုင်အွန်-နန်းဟွမ်လှိုင်းနှင့် ဆွေမျိုးများ၊**
**အွန်ဟော်ကုမ္ပဏီ ဖရဲသီးစိုက်ပျိုးရေးဝန်ထမ်းများနှင့်**
**အွန်ဟော်ကုမ္ပဏီ စက်ယန္တရားဝန်ဆောင်မှုဝန်ထမ်းများ**

## အင်ဂျင်နီယာတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိများ၏ ပဉ္စမအကြိမ် မိသားစုမိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ (၂၀၁၉ ခုနှစ်)

အင်ဂျင်နီယာတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိများ၏ ပဉ္စမအကြိမ် မိသားစုမိတ်ဆုံညစာစားပွဲကို (၇၀)နှစ်မြောက် အင်ဂျင်နီယာတပ်ဖွဲ့နေ ၂၄-၂-၂၀၁၉ရက်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော အရာရှိများအပါအဝင် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ညစာစားပွဲဖြစ်မြောက်ရေးကော်မတီ**

**နေ့ရက်** - ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၅:၃၀ နာရီမှ ည ၈:၃၀ နာရီထိ
**နေရာ** - Royal Garden Restaurant နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**လှူဒါန်းလိုသောအလှူရှင်များ ဆက်သွယ်ရန်-**
**ဦးနေဝင်း ဖုန်း-၀၉-၄၃၀၈၉၁၀၀**
**ဦးရဲဝင်း ဖုန်း-၀၉-၇၈၁၁၂၄၄၈၀**
**ဦးတင်အောင်စိုး ဖုန်း-၀၉-၇၉၉၁၂၂၃၀၃**

မနောမယိဒ္ဓိပညာ ကျေးဇူးရှင်ပြည်လုံးချမ်းသာဆရာကျော်ကြီး၏ (၁၂၉)နှစ်မြောက် မွေးနေ့အဖြစ် (၂၄)ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းနှင့် စာရေးတံမဲလောင်းလှူပွဲကြီးကို ညောင်ဦးမြို့၊ ရွှေစေတီကျောင်းဝင်း အတွင်းရှိ မနောမယိဒ္ဓိဓမ္မာရုံကြီး၌ (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၂ရက်မှ တပို့တွဲလပြည့်နေ့)၊ ၁၆-၂-၂၀၁၉ ရက်မှ ၁၉-၂-၂၀၁၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ပညာခွင်သားအပေါင်း ကြွရောက်ပါဝင်ဆောင်ရွက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အလှူပွဲဖြစ်မြောက်အောင်ကြိုးစားကြသူများ**
**ဆက်သွယ်ရန် -**
**ဖုန်း-၀၉-၂၀၄၃၉၀၉၊ ၀၉-၄၅၆၃၁၆၃၀၁၊ ၀၉-၅၀၃၃၆၇၃၊**
**၀၉-၂၅၄၅၄၇၉၄၀၊ ၀၉-၂၅၀၉၆၃၅၂၇၊**
**၀၉-၂၅၄၃၅၀၁၁၀၊ ၀၉-၄၇၂၀၇၈၈၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမိုင်အေးအေးမော် ၇/ကတခ(နိုင်)၁၇၀၆၁၇ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၇၄၂၆၈**

## ပျောက်ဆုံးကြောင်း

ဦးအောင်မျိုးကျော် ၁၂/ဒဂတ(နိုင်)၀၂၃၈၄၂ ပိုင်ရွှေနန်းစံ (၁)(ရညန/ရက ၆၁၃)၏ ရေယာဉ်အုပ်၊ စက်ခန်းအုပ် မောင်းနှင်ခွင့်လက်မှတ်မူရင်းများ၊ မှတ်ပုံတင်လက်မှတ်၊ ခုတ်မောင်းသွားလာခွင့်လက်မှတ်မူရင်းများ၊ လုပ်ငန်းလိုင်စင်အပိုင်း ၁/၂ မူရင်းများနှင့် ရွှေနန်းစံ (၂)(ရညန/ရက ၆၇၁)၏ ရေယာဉ်အုပ်၊ စက်ခန်းအုပ် မောင်းနှင်ခွင့်လက်မှတ်မူရင်းများ၊ လုပ်ငန်းလိုင်စင်အပိုင်း ၁/၂ မူရင်းများမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၃၂၆၂၅**

## ပျောက်ဆုံးကြောင်း

ဒေါ်လှလေးစိန် ၁၂/မဂဒ(နိုင်)၀၀၀၂၉၀ပိုင် ထွန်းသစ်စ (ရညန/ရက ၇၆၅) နှင့် ဆန်းသစ်စ (ရညန/ရက ၇၆၆) ရေယာဉ်များ၏ ရေယာဉ်အုပ်၊ စက်ခန်းအုပ် မောင်းနှင်ခွင့်လက်မှတ်မူရင်းများ၊ လုပ်ငန်းလိုင်စင်အပိုင်း ၁/၂၊ မူရင်းများမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၃၂၆၂၅**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်မ မခင်အေးချမ်းမြင့် (ခ) ဘိလ်ကစ်ဘီ ၁၂/ရကန(နိုင်)၀၆၄၂၄၂ မှ မောင်ပြည့်စုံ (ခ) မုဟာမ္မဒ်အိလ်ယာစ် ၁၂/တမန(နိုင်)၁၂၁၄၆၉ အား အစ္စလာမ်ရေးရာခုံရုံး၏ဆုံးဖြတ်ချက်အရ ၅-၄-၂၀၁၈ ရက်စွဲပါ စာအမှတ် ၁၀၄/၁၈/ဓမ္မ/မလ၀/ဗဟ အရ ၅-၄-၂၀၁၈ ရက်မှစ၍ တရားဝင် လုံး၀(လုံး၀)ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခင်အေးချမ်းမြင့်**

## သဲအင်းဂူ ခုနှစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသီဟ(ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၁၆ ရက် (စနေနေ့) ညနေ ၅:၀၀ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၄၂၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့**

## သာစည်မြို့နယ်အသင်း (ရန်ကုန်)

(၁၉) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သာစည်မြို့နယ်သူ မြို့နယ်သားများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၂-၂၀၁၉ ရက်
**အချိန်** - ၁:၀၀ နာရီ
**နေရာ** - အောင်ချမ်းသာကျောင်းတိုက်၊ ကံဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ မြေကွက်အမှတ် (ဥ-၆၄၈၈)၊ ဒေါ်ဝါဝါဦး ၉/တကန(နိုင်)၀၉၄၉၅၇ (ဘ)ဦးတင်ညွန့်အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်နှင်းရည်ကျော် ၉/၀တန(နိုင်)၁၂၁၁၂ (ဘ)ဦးကျော်ဇေယျမှ မြေပေးမိန့်မူရင်းမြေကွက် အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်(၄၁) (ဧလွှာ/ဘီ) အကျယ်အဝန်း (15'x65') ရှိ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ကြည်သန်း ၁၂/စခန(နိုင်)၀၁၂၄၅၇ ဆိုသူထံမှ ကျွန်ုပ် ဒေါ်နန်းနွယ်နီထွန်း ၉/မထလ(နိုင်)၁၇၈၁၃၁ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း သက်သေအထောက်အထားအခိုင်အလုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နန်းနွယ်နီထွန်း**
**၉/မထလ(နိုင်)၁၇၈၁၃၁**
**ဖုန်း-၀၉-၇၉၉၈၆၇၉၂၂၊ ၀၉-၄၃၀၆၃၆၂၅**

## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း

## မြန်မာ့ရိုးရာ ထမနဲပွဲ ကျင်းပမည်

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ မြို့မဟောင်း ထမနဲပွဲကို ၁၉-၂-၂၀၁၉ရက် (အင်္ဂါနေ့) (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**အစီအစဉ် (၁)။ ။** နံနက် ၉:၀၀ နာရီတွင် အိမ်တော်ရာဘုရား၌ ထမနဲဆွမ်းကပ်လှူပူဇော်ကြခြင်း။

**အစီအစဉ် (၂)။ ။** ညနေ ၃:၀၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ် (၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ၊ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂)ဒဂုံနှင့် အထက (၃)ဒဂုံတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါကြောင်းနှင့် အဆိုပါ မြန်မာ့ရိုးရာ မြို့မဟောင်းထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက- ဖုန်း-၀၁-၂၅၀၁၅၃၊ ၀၉-၇၆၅၇၁၁၇၀၇၊ ၀၉-၇၃၀၁၁၇၀၇ တို့ကို ဆက်သွယ်နိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မထားထားကြည် ၇/ကတခ(နိုင်)၁၃၉၄၂၉၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၇၄၂၆၈**

## ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ အောင်ချမ်းသာရွာနေ မောင်ဇော်မိုး ၅/အရတ(နိုင်)၁၃၁၆၀၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၇၇၅၄၈၄၅**

## ဖခင်အမည်မှန်

ကသာမြို့နယ်၊ မိုးတားကြီးကျေးရွာ အထကကျောင်းတွင် ပညာသင်ယူနေသော မောင်ရဲရင့်အောင် ၅/ကသန(နိုင်)၁၄၇၆၇၅ နှင့် မောင်ထက်ဝေအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၅/ကသန(နိုင်)၀၁၄၈၈၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက ကျော်ရွာ န၀မတန်းမှ မဇင်မျိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သီး ၅/ကလထ(နိုင်)၁၉၄၀၉၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကသာမြို့၊ မိုးတားကြီးကျေးရွာ အထကကျောင်းတွင် ပညာသင်ယူနေသော မစန်းထိုက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး ၅/ကသန(နိုင်)၀၅၉၁၃၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9491 TUN LIGHT(TT-001) PICK UP(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမော် ၅/မရန(နိုင်)၀၅၁၇၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဩစတြေးလျခြေစမ်းခရီးစဉ်တွင် သုံးပွဲကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ပြင်ဆင်မှုအဖြစ် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်မည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၈ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည် ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၁၅၊ ၁၇ ရက်တွင် ဩစတြေးလျ ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင်မူ ဒေသခံလူငယ်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲအတွက် ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦးဖြင့် သွားရောက်မည်ဖြစ်ပြီး ဒဏ်ရာပြင်းထန်စွာရရှိမှသာ အပြောင်းအလဲ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးရှိနေသောကြောင့် မြန်မာနိုင်ငံ

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆



မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ဖေဖော်ဝါရီ ၁၅ ရက် စတင်ထုတ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၁၉ ခုနှစ် မတ်လ ၆ ရက်မှ ၁၅ ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ထုတ်ယူနိုင်ပြီဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရမည်ဖြစ်ပြီး ပြင်ပမှဖြေဆိုသူများသည် မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်မေးမြန်းနိုင်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့်ခြေစစ်ပွဲကျင်းပမည့်နိုင်ငံများအား ဖေဖော်ဝါရီ ၈ ရက်က ထုတ်ပြန်ခဲ့ပြီး မြန်မာအသင်းနှင့်အတူ ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်းအသင်းတို့ကို ရွေးချယ်ခဲ့သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် မြန်မာအသင်းပါဝင်သော အုပ်စုအား လက်ခံကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို ဧပြီ ၁ ရက်မှ ၉ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပထမအဆင့်မှ တက်ရောက်လာသည့် မြန်မာ၊ တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်း၊ နီပေါ၊ ဂျော်ဒန်၊ အီရန်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဟောင်ကောင်တို့ ၁၀ သင်း၊

*စာမျက်နှာ ၁၂ ကော်လံ ၃* ✳

